
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့သဘောထား

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

**လူမှုရေးဦးတည်ချက် (၄) ရပ်**

ချမ်းမြေ့သရဖီလှိုင်

ဆားပုလင်းမင်းနောင်

နှင့်

နတ်ဆိုးဒေဝီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


# ချမ်းမြေ့သရဖီလှိုင်

# ဆားပုလင်းမင်းနောင်နှင့်နတ်ဆိုးဒေဝီ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၁၃၀၀၂၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၁၇၀၀၃၁၂ |
| | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်) |
| ထုတ်ဝေသူ | - ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂) ရဲအောင်စာပေတိုက် အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်) အမှတ် (၂၂၅)၊ (၃၂) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | - Ma O' Sar |
| အုပ်ရေ | - ၃၀၀ |
| တန်ဖိုး | - ၁၂၀၀ ကျပ် |
| ဖြန့်ချိရေး | - ရွှေမင်းသမီးစာပေ၊ ဖုန်း-၀၉-၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

ချမ်းမြေ့သရဖီလှိုင် ၈၉၃-၈၃
ဆားပုလင်းမင်းနောင်နှင့်နတ်ဆိုးဒေဝီ / ချမ်းမြေ့သရဖီလှိုင်၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၂
၁၈၇စာ၊ ၁၃. ၂၁×၂၀. ၈၃စင်တီ၊
(၁) ဆားပုလင်းမင်းနောင်နှင့်နတ်ဆိုးဒေဝီ


## ထွက်ရှိပြီးသောစာအုပ်များ

၁။ ဆားပုလင်းမင်းနောင်နှင့် ပန်းဦးဆက်ခင်ခင်ကြီး

၂။ ဆားပုလင်းမင်းနောင်နှင့် နှစ်ဆောင်ပြိုင်မိမိလေး

၃။ ဆားပုလင်းမင်းနောင်နှင့် တမန်တော်ရွှေသွေး

၄။ ဆားပုလင်းမင်းနောင်နှင့် ထီးဖြူဆောင်းမယ်တော်

၅။ ငရဲခန်း

၆။ ဆားပုလင်းမင်းနောင်နှင့် ကဝိလမိုင်း

၇။ ဆားပုလင်းမင်းနောင်နှင့် ဝက်ပါသြ

၈။ ကလေးအသားခါးသည်

ယခု...
"ဆားပုလင်းမင်းနောင်နှင့် နတ်ဆိုးဒေဝီ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နတ်ပိုင်မင်း ဦးရွှေမောင်၏ အော်စတင်ကားလေးသည် ခြံဝန်းကျယ်ကြီးတစ်ခုအတွင်းသို့ မောင်းဝင်သွား၏။

ကားသံကြားလျှင် နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှ ဘီအေဆံထုံးနှင့် အမျိုးသမီးတစ်ဦးသည် ဆယ့်သုံးနှစ်အရွယ် သမီးငယ်အား လက်ဆွဲလျက် . . .

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ ... သမီးလေး ... သမီးဖေဖေ ပြန်လာပြီ၊

လာ ... လာ ... မေမေတို့ ထွက်ကြိုရအောင်"

ဟု ဆိုကာ အိမ်ရှေ့ဆင်ဝင်အောက်သို့ အပြေးတစ်ပိုင်း ထွက်ခဲ့ကြ၏။

စင်ဝင်အောက် ကားရပ်လျှင် နယ်ပိုင်မင်း ဦးရွှေမောင်မှာ မျက်နှာတည်တည်ဖြင့် ဆင်းလာ၏။

နယ်ပိုင်မင်းသည် ဘီအေဆံထုံးနှင့်အမျိုးသမီးအား တစ်ချက်မျှ စောင်းငဲ့ကြည့်ရင်း ကားမောင်းသူဘေးရှိ တံခါးအား ဆွဲဖွင့်ပေးလိုက်၏။

ကားတွင်းမှ လှိုင်းကောက်ဆံပင်နှင့် ခေတ်ဆန်ဆန် ပြင်ဆင်ထားသော မိန်းမပျိုတစ်ဦး ထွက်လာ၏။

မိန်းမပျိုသည် နယ်ပိုင်မင်း၏လက်မောင်းကို ချိတ်လျက် ဆံပင်များအား ဆတ်ခနဲ ခါယမ်းလိုက်လေ၏။

"သူ ... သူက ... ဘယ်သူလဲ ကိုကို ခင့်ကို





ပြောပါဦး"

ဘီအေဆံထုံးနှင့် အမျိုးသမီးသည် တအံ့တသြ မျက်ဝန်းများဖြင့် မေးမြန်းလိုက်၏။

နယ်ပိုင်မင်း ဦးရွှေမောင်မှာ သူမ၏အမေးကို မသိကျိုးကျွန်ပြုလျက် မိန်းမပျိုအား လက်ဆွဲကာ အိမ်ကြီးအတွင်းသို့ ဝင်ရောက်သွား၏။

ဘီအေဆံထုံးနှင့်အမျိုးသမီးမှာ သမီးငယ်၏လက်ကို ဆောင့်ဆွဲရင်း နောက်မှ အပြေးတစ်ပိုင်း လိုက်သွားလေ၏။

နယ်ပိုင်မင်း ဦးရွှေမောင်သည် ဧည့်ခန်းရှိ ဆက်တီခုံ၌ ခြေချိတ်ထိုင်ရင်း ...

"ကျုပ်တို့အတွက် သံပုရာရည် ဖျော်ပေးပါ"

ဟု ပြောလိုက်ရာ ဘီအေဆံထုံးနှင့် အမျိုးသမီးမှာ မျက်နှာပျက်သွားလေ၏။

သူမသည် ညိုးငယ်သောမျက်နှာနှင့် ယောက်ျားဖြစ်သူရှေ့မှ ခေါင်းငုံ့ကာ မီးဖိုခန်းသို့ လျှောက်သွား၏။

သူမသည် သံပုရာရည်နှစ်ခွက်အား လှုပ်ရှားသောလက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလျင်အမြန် ဖျော်ပြီးနောက် အိမ်ရှေ့သို့ ပြန်ထွက်ခဲ့၏။

နယ်ပိုင်မင်းနှင့် အမျိုးသမီးငယ်မှာ သံပုရာရည်အား မြိန်တူ သောက်သုံးကြ၏။

ပြီးလျှင် ဦးရွှေမောင်သည် အမျိုးသမီးငယ်၏ ပခုံးကို ဖက်လျက် . . .

"သူ့နာမည်က အိုင်းရစ်မေလို့ ခေါ်တယ်၊
ဒီနေ့ပဲ မေ့ကို ကျုပ် လက်ထပ်ယူလိုက်တယ်၊
ကျုပ်တို့ အပေါ်ထပ်မှာပဲ နေမယ်၊ မင်းတို့
သားအမိရဲ့ပစ္စည်းတွေကို ခုချက်ချင်း အောက်ထပ်
ရွှေ့ပေးပါ ခင်နှင်းဆီ"

ဟု ပြောလိုက်လျှင် ဘီအေဆံထုံးနှင့် အမျိုးသမီးမှာ မျက်ရည်များ ရစ်ဝဲတက်သွား၏။

တဒုတ်ဒုတ်ဆောင့်တက်သွားသော နားထင်သွေးများနှင့် အတူ တစ်ကိုယ်လုံး လှုပ်ရှားမရလောက်အောင် တောင့်တင်းသွားရ၏။

ဦးရွှေမောင်သည် မလှုပ်မယှက် ငြိမ်သက်နေသော သူမအား





မျက်လုံးလှန်ကြည့်၍ . . .

"ကျုပ် စကားတစ်ခွန်းကို နှစ်ကြိမ်မပြော
တတ်တာ မင်း သိတယ်နော် ခင်နှင်းဆီ၊ ပစ္စည်း
တွေ အမြန်ရွှေ့ပေးပါ"

ဟု အေးဆေးသောအသံဖြင့် ထပ်ပြောလိုက်၏။

ဒေါ်ခင်နှင်းဆီတစ်ယောက် မျက်ရည်စများကို မျက်တောင်ဖြင့် ပုတ်ခတ်ရင်း ၎င်းတို့ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့လေ၏။

✹

www.burmeseclassic.com

www.burmeseclassic.com

နှင်းဒေဝီလေးမှာ မိခင်နှင့်အတူ အပေါ်ထပ်ရှိ ပစ္စည်းများကို ကူသိမ်းပေးရင်း ...

"ဒေဝီတို့က ဘာလို့ အောက်ထပ်ပြောင်းရမှာလဲ မေမေ၊ ဖေဖေခေါ်လာတဲ့ နှုတ်ခမ်းရဲရဲနဲ့ မိန်းမကြီးက ဘယ်သူလဲ၊ ဖေဖေက ဘာလို့ သူနဲ့

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာနေမှာလဲ မေမေ''

ဟု မေးမြန်းလိုက်၏။

ဒေါ်ခင်နှင်းဆီမှာ ပစ္စည်းများသိမ်းဆည်းရင်း မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလျက် …

''သူက သမီးဖေဖေရဲ့ နောက်မိန်းမပဲ သမီး၊
ဒီအိမ်ကြီးမှာ မေမေတို့နဲ့ အတူနေဖို့ ရောက်
လာတာ''

ဟု တုန်ယင်သောအသံဖြင့် ဖြေလိုက်၏။

နှင်းဒေဝီလေးမှာ မိခင်၏စကားကြောင့် ခေါင်းကုတ်ဖွရင်း…

''ဖေဖေက … မေမေ ရှိနေသားနဲ့ ဘာလို့
နောက်မိန်းမ ယူတာလဲ မေမေ''

ဟု ထပ်မံမေးလိုက်သောအခါ ဒေါ်ခင်နှင်းဆီမှာ သမီးဖြစ်သူအား ထွေးပွေ့မိရင်း …

''တော်ပါတော့ သမီးရယ်၊ မမေးပါနဲ့တော့၊
မေမေ့မှာ ဖြေနိုင်တဲ့အင်အား မရှိတော့ပါဘူး''





ဟု … မျက်ရည်သွယ်သွယ်ကျလျက် တားဆီးလိုက်လေ၏။

ထိုအခိုက်မှာပင် …

အပေါ်ထပ်သို့ တက်လာသော ဖိနပ်သံများကို ကြားလိုက်ရ၏။

''အိပ်ခန်းထဲ ရှင်းပြီးပြီလား ခင်နှင်းဆီ''

ယောက်ျားဖြစ်သူ၏အသံကြောင့် ဒေါ်ခင်နှင်းဆီမှာ မျက်ရည်များကို လက်ခုံဖြင့်သုတ်လျက် …

''ဟုတ်ကဲ့ … ပြီးပါပြီ ကိုကို''

ဟု တုန်ယင်အက်ကွဲသော အသံဖြင့် ပြောလိုက်၏။

နယ်ပိုင်မင်းသည် အိုင်းရစ်မေ၏ သေးသိမ်စွင့်ကားသော ခါးကိုဖက်ရင်း အိပ်ခန်းအတွင်းသို့ ဝင်သွားလေ၏။

အိပ်ခန်းအတွင်းမှ ကလူကျီစယ်သံများကို ကြားရလျှင် … ဒေါ်ခင်နှင်းဆီမှာ ရင်ထဲမီးတောင်များ အကြိမ်ကြိမ်ပေါက်ကွဲနေသည့်အလား ခံစားနေရရှာ၏။

ပစ္စည်းများ သိမ်းဆည်းပြီးလျှင် သမီးငယ်နှင့်အတူ သူမ



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ လေးကန်သော ခြေလှမ်းများဖြင့် ဆင်းသွားလေ၏။

အောက်ထပ်အိပ်ခန်း၌ ပစ္စည်းများနေရာချပြီးသောအခါ ဒေါ်ခင်နှင်းဆီမှာ အိပ်ရာပေါ် အရုပ်ကြိုးပြတ်သည့်နှယ် လှဲချလိုက်၏။

နှင်းဒေဝီလေးသည်လည်း အားငယ်စိုးရွံ့သော မျက်လုံးများဖြင့် မိခင်၏နံဘေး ခွေလှဲလျက် မိခင်၏မျက်နှာအား ငေးစိုက်ကြည့်နေရှာ၏။

မိခင်၏မျက်ဝန်းထောင့်မှ အသွယ်သွယ်စီးကျလာသော မျက်ရည်များကြောင့် နှင်းဒေဝီလေးမှာ ရင်ထဲလှိုက်တက်သွားပြီး သူမပါ ရော၍ ငိုကြွေးလေတော့၏။

✹

"သဘာဝလောကကြီးထက်

ပိုပြီး . . . ဖောက်လွဲဖောက်ပြန်ပြုတတ်တာ . . .

လောကသားတွေပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဒရိုင်ဘာဦးမြသက်သည် နှင်းဒေဝီလေးအား ဆရာကြီးဦးချစ်လှ၏ အလွတ်ပညာသင်ကျောင်းရှေ့ ချပေးပြီးနောက် ပြန်လည်ထွက်ခွာသွား၏။

နှင်းဒေဝီလေးသည် လွယ်အိတ်နှင့်ထမင်းဘူးကိုကိုင်လျက် ကျောင်းခြံဝင်းအတွင်းသို့ ဝင်သွားလေ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ...

ဝတ်လုံတော်ဦးဘိုးစံ၏ အော်စတင်ကားလေးသည် ကျောင်းဝင်းရှေ့ ထိုးရပ်သွား၏။

ကားပေါ်မှ ကလေးငယ်တစ်ဦး ဆင်းလာပြီး ...

"ဘိုင့်ဘိုင့် ဒယ်ဒီ ... ဆီးယူ အီးဗနင်းနော်၊ ဖလိုင်းကစ်"

ဟု အမူအရာပါပါဖြင့် ဖခင်ဖြစ်သူအား လှမ်းကာ နှုတ်ဆက်လိုက်၏။

နှင်းဒေဝီလေးမှာ ထိုအဖြစ်အား ငေးကြည့်မိရင်း ...

"သူများတွေဆို ကျောင်းလာရင် သူတို့အဖေတွေက လိုက်ပို့ကြတယ်၊

ငါ့ကိုလည်း ဖေဖေ ကျောင်းလိုက်ပို့ရင် သိပ်ကောင်းမှာပဲ၊

အမြဲတမ်း ဦးမြခက်ကြီး လိုက်ပို့တာပဲခံရတယ်"

ဟု တွေးတောကာ မျက်နှာညှိုးကျသွားလေ၏။





"ဟဲ့ နှင်းဒေဝီ ...

နင့်အဖေ မိန်းမ ထပ်ယူတယ်လို့ ငါတို့အိမ်မှာ ဒယ်ဒီတို့ ပြောနေကြတယ်၊

အဲဒါ ... ဟုတ်သလား"

ရုတ်တရက် အမေးခံလိုက်ရသော စကားကြောင့် နှင်းဒေဝီလေးမှာ ကိုယ်လေး ဆတ်ခနဲ တုန်သွား၏။

ဝတ်လုံတော်ရဦးဘိုးစံ၏သမီး မြမြသက်မှာ နှင်းဒေဝီ၏ပခုံးကို ဆွဲလှုပ်လျက် ...

"မိန်းမတစ်ယောက်ရှိလျက်နဲ့ နောက်တစ်ယောက်ကို အိမ်ပေါ်တင်တာ လူမှုရေးကျင့်ဝတ်ဖောက်ပြန်တာလို့ ငါ့ဒယ်ဒီက ပြောတယ်၊

နင့် အဖေ မကောင်းဘူး၊ လူဆိုးကြီး ဖြစ်သွားပြီ၊

နင်ဟာ လူဆိုးကြီးရဲ့ သမီးပဲ၊

ဒီနေ့ကစပြီး နင်နဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့လူတွေကို အပေါင်းအသင်း

မလုပ်ရဘူးလို့ ငါ့ မာမီက မှာထားတယ်၊

နင် ငါ့ကို ဘယ်တော့မှ မခေါ်နဲ့တော့ . . .

ဒါပဲ''

ဟုဆိုကာ နှင်းဒေဝီအား ဆောင့်တွန်းရင်း ကျောင်းထဲသို့ ပြေးဝင်သွား၏။

နှင်းဒေဝီလေးမှာ ဆောင့်တွန်းခံရသောအရှိန်ကြောင့် ထမင်းဘူးများ လွင့်စဉ်လျက် မြေပေါ်လဲကျသွားရှာ၏။

''မြမြသက်က ဖေဖေ့ကို လူဆိုးကြီးလို့ ပြော

သွားတယ်၊

နှုတ်ခမ်းရဲရဲနဲ့ မိန်းမကြီးကို အိမ်ပေါ်တင်ရုံနဲ့

ဖေဖေက ဘာလို့ လူဆိုးကြီး ဖြစ်သွားရတာလဲ၊

မြမြသက်က ငါ့ကို မခေါ်တော့ဘူးတဲ့၊

ငါ့ကိုလည်း လူဆိုးကြီးရဲ့ သမီးတဲ့၊

ဖေဖေ . . . လူဆိုးကြီးလို့ အပြောခံရတာ နှုတ်

ခမ်းရဲရဲနဲ့ မိန်းမကြီးကြောင့်ပဲ၊

ရွှေမင်းသမီးစာပေ



ဟုတ်တယ် . . . သူ့ကြောင့် ဖေဖေ အပြောခံ

ရတာ''

www.burmeseclassic.com

www.burmeseclassic.com

ညနေကျောင်းဆင်းချိန်သို့ရောက်လျှင် ...

နှင်းဒေဝီလေးသည် ဒရိုင်ဘာဦးမြခက်နှင့်အတူ အိမ်သို့ ပြန်ခဲ့၏။

ခြံထဲသို့ ကားဝင်လိုက်သည်နှင့် တစ်ပြိုင်နက် နှင်းဒေဝီလေး မှာ မျက်မှောင်တွန့်သွား၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းပြင်ပေါ်ရှိ စားပွဲဝိုင်း၌ ဖခင်ဖြစ်သူမှာ အိုင်းရစ်မေအား ပန်းသီးစိတ်များကို တယုတယ ခွံ့ကျွေးနေလေ၏။

စင်ဝင်အောက် ကားရပ်သည်နှင့် တစ်ပြိုင်နက် နှင်းဒေဝီလေးသည် မြက်ခင်းပြင်သို့ တစ်ရှိန်ထိုး ပြေးသွား၏။

ထို့နောက် . . .

အိုင်းရစ်မေအား ဆောင့်တွန်းလိုက်ရာ အိုင်းရစ်မေမှာ အလှထိုင်ခုံလေးပေါ်မှ နောက်ပြန်လန်ကျသွားတော့၏။

ဦးရွှေမောင်မှာ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ရင်း . . .

"ဒါ ဘာလုပ်တာလဲ နှင်းဒေဝီ . . . နင် ဘာ
အချိုး ချိုးတာလဲ"

ဟု မျက်နှာနီကြီးဖြင့် အော်ဟစ်လိုက်၏။

နှင်းဒေဝီလေးသည် လဲကျနေသော အိုင်းရစ်မေအား မျက်တောင်မခတ်စတမ်း ငေးစိုက်ကြည့်ရင်း . . .

"မြမြသက်က ဖေဖေ့ကို လူဆိုးကြီးဖြစ်သွား
ပြီလို့ ပြောတယ်၊

အဲဒါ . . . ဒီမိန်းမကြီးကြောင့်ပဲ၊





ဒေဝီ သူ့ကို ကြည့်မရဘူး ဖေဖေ"

ဟု လက်ညှိုးထိုးကာ ပြောလိုက်၏။

အိုင်းရစ်မေမှာ လဲနေရာမှ ဖုတ်ဖက်ခါထ၍ ဦးရွှေမောင်၏ လက်မောင်းကို ဆွဲလိုက်ပြီး . . .

"ဒါလင့်ရဲ့ဒေါ်လ်တာက ဗဲရီးဂျန်းဂဲလ်ပဲ၊

ဒါလင် သူ့ကို သေချာဆုံးမ, မထားဘူး ထင်
တယ်"

ဟု ပြောလိုက်ရာ ဦးရွှေမောင်မှာ မျက်နှာကြီး ပိုမိုရဲတက်သွား၏။

"ခင်နှင်းဆီ . . . ခင်နှင်းဆီ"

အသံကုန်း ကြိုးအော်လိုက်သည့် ဦးရွှေမောင်၏အသံကြောင့် ဒေါ်ခင်နှင်းဆီမှာ အိမ်ကြီးထဲမှ ပြေးထွက်လာ၏။

"ဘာ . . . ဘာဖြစ်လို့လဲ ကိုကို"

ဒေါ်ခင်နှင်းဆီ၏အမေးကြောင့် ဦးရွှေမောင်သည် သမီးဖြစ်သူအား လက်ညှိုးထိုးလျက် . . .

"မင်းသမီးကို သေချာဆုံးမ,ထားပါ၊



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ်မေကို သူ ရန်ပြုနေပြီ၊

နောက်တစ်ခါ ဒါမျိုးထပ်ဖြစ်ရင် မင်းတို့သား

အမိကို ငါ ဘာလုပ်မလဲဆိုတာ မင်း သိတယ်

မဟုတ်လား ခင်နှင်းဆီ''

ဟု ပြောလိုက်ရာ ဒေါ်ခင်နှင်းဆီမှာ ကြောက်ရွံ့မှု ယှက်သန်းနေသော မျက်ဝန်းများဖြင့် ယောက်ျားကို ငေးစိုက်ကြည့်နေ၏။

''ဟုတ်ကဲ့ပါ ကိုကို၊ သမီးကို ခင် ဆုံးမပါ့

မယ်''

သူမ တုန်ယင်သောအသံဖြင့်ဆို၍ နှင်းဒေဝီကို လက်ဆွဲကာ လှည့်ထွက်သွား၏။

နှစ်ဆောင်ပြိုင်အိမ်ကြီးထဲသို့ရောက်လျှင် . . .

''အိုင်းရစ်မေကို ရန်ပြုတယ်ဆို၊ ဘယ်လို

ဖြစ်တာလဲ သမီး''

မိခင်ဖြစ်သူ၏အမေးကြောင့် နှင်းဒေဝီလေးမှာ မကျေမချမ်းဟန်ဖြင့် . . .

''ဝတ်လုံကြီးသမီး မြမြသက်က ဒေဝီ့ကို





မခေါ်တော့ဘူး မေမေ၊

ဖေဖေက လူမှုရေးကျင့်ဝတ် ဖောက်ပြန်လို့

လူဆိုးကြီးဖြစ်သွားပြီတဲ့၊

ဒေဝီ့ကိုလည်း လူဆိုးကြီးရဲ့သမီးလို့ ပြော

တယ်၊

အဲဒါ ဟိုမိန်းမကြီးကြောင့်ပဲ မေမေ၊

ဒါကြောင့် . . . ဒေဝီ သူ့ကို ဆောင့်တွန်း

လိုက်တာ''

ဟု ပြောလိုက်လေ၏။

ဒေါ်နှင်းဆီသည် သမီးဖြစ်သူအား ကရုဏာသက်စွာ ထွေးပွေ့မိရင်း . . .

''ဖြစ်ရလေ သမီးလေးရယ်၊

ငါ့သမီးလေး . . . လူတောထဲ မတိုးဝံ့အောင်

ဖြစ်နေပါရောလား၊

ဒါဟာ . . . မေမေ့ကြောင့်ပါ၊

မေမေ့ကြောင့်ပါ သမီးလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ စိတ်မကောင်းလိုက်တာကွယ်"

ဟု တဖွဖွရေရွတ်လိုက်၏။

နှင်းဒေဝီလေးမှာ မိခင်ဖြစ်သူ၏စကားကြောင့် နားမလည်နိုင်စွာ ဖြစ်သွားရ၏။

ဝိုင်းစက်သော မျက်လုံးများဖြင့် မိခင်ကို စိုက်ကြည့်လျက် ကြောင်အမ်းမှင်တက်နေမိ၏။

✿

ညအိပ်ရာဝင်ချိန်တစ်ခု၌ . . .

ဒေါ်ခင်နှင်းဆီသည် . . .

သူမ၏အဖြစ်အား ပြန်တွေးရင်း ခေါင်းအုံးနှင့် မျက်နှာအပ်လျက် သည်းထန်စွာ ငိုကြွေးမိလေ၏။

ထိုစဉ် . . .

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသော နှင်းဒေဝီမှာ ငိုကြွေးသံကြောင့် လန့်နိုးသွားပြီး . . .

"ဟင် . . . မေမေ ငိုနေတယ်၊

ဘာလို့ ငိုနေရတာလဲ မေမေရယ်၊

ဒေဝီ ဘာလုပ်ပေးရမလဲ ဟင်"

ဟု စိုးရိမ်တကြီး မေးလိုက်၏။

ဒေါ်ခင်နှင်းဆီသည် သူမ၏ခေါင်းကို ပွတ်သပ်လျက် . . .

"မေမေ ဘာမှမဖြစ်ပါဘူး သမီးရယ်၊

ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်လွန်းလို့ ငိုမိတာပါကွယ်"

ဟု ငိုသံဖြင့်ဆိုလျှင် နှင်းဒေဝီလေးက . . .

"မေမေငိုတာ ဟိုမိန်းမကြီးကြောင့် မဟုတ်လားဟင်၊

ဒီမိန်းမကြီးက မေမေ့ကို ဖေဖေ့ဆီကရော၊ ဒေဝီ့ဆီကပါ လုယူသွားတယ်၊

အရင်က ခုချိန်ဆို မေမေနဲ့ဖေဖေ့ရဲ့အလယ်မှာ





ဒေဝီ အိပ်ရတာလေ၊

ခုတော့ . . .

ဟိုမိန်းမကြီးက ဖေဖေ့ကို အပိုင်စီးသွားပြီ၊

ဒေဝီ . . . သူ့ကို မုန်းတယ် မေမေ"

ဟု စကားတတ်စွာ ပြောလိုက်၏။

"မမုန်းပါနဲ့ သမီးရယ်၊

တကယ်တော့ အိုင်းရစ်မေက သမီးဖေဖေကို လုယူတာ မဟုတ်ပါဘူး၊

မေမေ့ကြောင့် သမီးဖေဖေဟာ တခြားသူရဲ့ ရင်ခွင်ထဲ ရောက်သွားရတာပါ"

မိခင်၏အပြောကြောင့် နှင်းဒေဝီလေးမှာ မျက်လုံးများ ဝိုင်းစက်သွားပြီး . . .

"မေမေပြောတာ ဒေဝီ နားမလည်ဘူး၊

ဘာကို ပြောတာလဲဟင်"

ဟု မေးလိုက်ပြန်၏။

ဒေါ်ခင်နှင်းဆီမှာ သက်ပြင်းရှိုက်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"မေမေဟာ . . . ခုချိန်မှာ ပြင်းထန်တဲ့ နှလုံးရောဂါဝေဒနာကို ခံစားနေရပြီ သမီး၊

မေမေ့ရဲ့ရောဂါကြောင့် သမီးဖေဖေလိုချင်တဲ့ သာယာမှုမျိုး၊ ကြင်နာမှုမျိုးတွေ မေမေ မပေးနိုင်တော့ဘူး၊

မေမေဟာ သမီးဖေဖေကို အသက်နဲ့ထပ်တူ ချစ်မြတ်နိုးမိတဲ့ မိန်းမတစ်ယောက်ပါ၊

သူ့အတွက် ပျော်ရွှင်မှုတွေ မပေးနိုင်တဲ့ မေမေ့ရဲ့ရောဂါကိုပဲ ခွင့်လွှတ်နိုင်အောင် ဖြစ်မိပါတယ်၊

ဒါကြောင့် . . . မေမေကိုယ်တိုင်ပဲ သမီးဖေဖေကို နောက်အိမ်ထောင်ပြုဖို့ တိုက်တွန်းခဲ့တာပါ၊

သူ . . . နောက်အိမ်ထောင်ပြုလိုက်ပေမယ့် အဖေဟာ အဖေပါပဲ သမီး၊

သမီး အဖေကို ဘယ်တော့မှ စိတ်နဲ့တောင် မပြစ်မှားပါနဲ့၊





မေမေ့စကားကို နားထောင်ပါကွယ်"

နှင်းဒေဝီလေးသည် မိခင်အား မျက်လုံးလှန်ကြည့်ရင်း . . .

"မေမေ နေမကောင်းဖြစ်ရင် ဖေဖေက ပိုပြီး ဂရုစိုက်ရမှာ မဟုတ်လား၊

ဘာလို့ ဟိုမိန်းမကြီးကို အိမ်ပေါ်ခေါ်လာရတာလဲ၊

ဖေဖေက ခေါ်ရင်တောင် ဟိုမိန်းမကြီးက ငြင်းလို့ရသားပဲ မေမေ၊

ဒေဝီ မေမေ့စကားကို နားထောင်ပါတယ်၊

ဒါပေမဲ့ . . . ဟိုမိန်းမကြီးကို ဘယ်လိုမှ ကြည့်လို့မရဘူး မေမေရဲ့"

ဟု ပြောလိုက်ရာ . . .

ဒေါ်ခင်နှင်းဆီမှာ သက်ပြင်းကိုသာ အကြိမ်ကြိမ်ချနေမိလေတော့၏။

✵



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအားရက်တစ်ရက်၌ ...

နှင်းဒေဝီလေးသည် ညှော်ခန်းရှိ စားပွဲတွင် ထိုင်လျက် ဂဏန်းသင်္ချာအား တွက်ချက်နေ၏။

ထိုအခိုက်မှာပင် ဆင်ဝင်အောက်သို့ ကားတစ်စီး ထိုးရပ်လာပြီး ...

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အိုင်းရစ်ရေ ... အိုင်းရစ် ... ဟေး"

အသံနှင့်အတူ လွန်မင်းစွာပြင်ဆင်ထား၍ ဆတ်ကော့လတ်ကော့နိုင်လှသော မိန်းမတစ်သိုက်သည် အိမ်ထဲသို့ ဝင်ရောက်လာကြ၏။

အိုင်းရစ်မေမှာ အိမ်ကြီးအပေါ်ထပ်မှ အပြေးအလွှားဆင်းလာပြီး ...

"ဟော့ ... ရိုစ် ... လူစုံလှပါလား၊
ယူတို့ အခုတစ်လော ခြေငြိမ်နေကြပါလား"

ဟု အော်ဟစ်ပြောလိုက်၏။

မိန်းမများသည် ဆက်တီခုံအနီးသို့ လျှောက်လာကြ၏။

အိုင်းရစ်မေမှာ ...

အနီးသို့ရောက်လျှင် ဆက်တီခုံ၌ စာလုပ်နေသော နှင်းဒေဝီကိုမြင်သွားပြီး မျက်နှာရှုံ့မဲ့သွား၏။

ဆိုးဆိုးဆတ်ဆတ်အမူအရာဖြင့် စားပွဲပေါ်ရှိ စာအုပ်များကို ဆတ်ခနဲ ဆွဲယူကာ ...

"ဘာမဟုတ်တဲ့ စာအုပ်တွေနဲ့ တစ်အိမ်လုံး





ရှုပ်ပွနေတာပဲ၊ ကိုယ့်နေရာကိုယ်မသိတဲ့ အရှိုင်း
အစိုင်းတွေ"

ဟု ရေရွတ်လျက် စာအုပ်များကို လွှင့်ပစ်လိုက်လေ၏။

သူမ၏အပြုအမူကြောင့် နှင်းဒေဝီလေးမှာ ဒေါသထွက်သွားပြီး ...

"စာအုပ်ကို လွှင့်ပစ်ရင် ငရဲကြီးတတ်တယ်၊
လူကြီးဖြစ်ပြီး အသိဉာဏ်မရှိဘူး"

ဟု မကြားတကြား ပြောလိုက်၏။

နှင်းဒေဝီ၏အပြောကြောင့် အိုင်းရစ်မေမှာ မျက်နှာကြီး ရဲသွားလေ၏။

ရိုစ်တို့လူစုမှာ ၎င်းတို့နှစ်ယောက်၏အဖြစ်ကိုကြည့်၍ ခိုးခိုးခစ်ခစ် ရယ်မောလိုက်ကြ၏။

အိုင်းရစ်မေသည် အပေါင်းအဖော်များအရှေ့၌ ပြန်ပြောခံရသဖြင့် ရှက်သွားကာ နှင်းဒေဝီအား ပခုံးမှကိုင်၍ ဖျစ်ညှစ်လိုက်တော့၏။

နှင်းဒေဝီလေးသည် အိုင်းရစ်မေအား စူးစူးဝါးဝါးကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်ကိုင်ထားသော ခဲတံဖြင့် မျက်နှာကို အားကုန်ထိုးစိုက်လိုက်၏။

'အား . . .'

ခနဲ ငယ်သံပါမတတ် အော်ဟစ်လိုက်သော အိုင်းရစ်မေ၏ အသံမှာ အိမ်ကြီးအတွင်း ဟိန်းထွက်သွား၏။

အသံကြောင့် အပေါ်ထပ်မှ နယ်ပိုင်မင်းဦးရွှေမောင် ပြေးဆင်းလာသလို . . .

ဒေါ်ခင်နှင်းဆီသည်လည်း မီးဖိုခန်းအတွင်းမှ ပြေးထွက်လာ၏။

"အမယ်လေး . . . ကန်းပါပြီ၊ မျက်လုံး ကန်းပါပြီ၊

ဒါလင် . . . ဒါလင်ရေ . . . မေ့ကို လုပ်ပါဦး။

အဟင့် . . . ဟင့် . . . ဟင့်"

အိုင်းရစ်မေသည် ချွဲပျစ်သောဒိုသံဖြင့် ဦးရွှေမောင်အား ပြေးဖက်လိုက်လေ၏။

ရှိုစ်တို့လူစုမှာ အခြေအနေမဟန်မှန်း ရိပ်စားမိသည့် အ





လျှောက် တစ်ဦးနှင့်တစ်ဦး လက်ကုတ်ကာ အလျှိုလျှို ထွက်သွားကြ၏။

ဦးရွှေမောင်သည် စိုးရိမ်တကြီးဟန်ဖြင့် အိုင်းရစ်မေကို ပွေ့ဖက်ရင်း . . .

"မေ . . . မေ . . . သိပ်နာသွားလားဟင်၊

ပြစမ်း . . . ဒါလင့်ကို ပြစမ်း"

အိုင်းရစ်မေ၏ ညာဘက်မျက်ခွံမှာ ရဲရဲနီလျက် ရောင်ကိုင်းသွား၏။

ဦးရွှေမောင်သည် . . .

သူမအား ပွေ့ဖက်ရင်းပင် တယ်လီဖုန်းစင်ရှိရာ လျှောက်သွားပြီး ဆရာဝန်အား ဖုန်းဆက်ခေါ်လိုက်၏။

ဆရာဝန် ရောက်လာသောအခါ ဒဏ်ရာအား ကြည့်ရှုရင်း

"ကံကြီးပေလို့ပေါ့ဗျာ . . .

မျက်လုံးအိမ်သာ ထိမိရင် မျက်ကြည်လွှာ ပေါက်သွားနိုင်တယ်၊

အခုတော့ မျက်ကြော့ပဲ ရောင်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လိမ်းဆေးပေးခဲ့ပါ့မယ်''

ဟု ဆိုလေ၏။

ဆရာဝန်ပြန်သွားသောအခါ . . .

နယ်ပိုင်မင်းဦးရွှေမောင်သည် အသားတဆတ်ဆတ်တုန်နေသော မျက်နှာကြီးဖြင့် ဒေါ်ခင်နှင်းဆီအား စူးစိုက်ကြည့်လိုက်၏။

''ခင်နှင်းဆီ . . .

မင်းကို ဘာမှာထားသလဲ၊

အိုင်းရစ်မေကို မင်း,သမီး ရန်မပြုဖို့ ဆုံးမ,နိုင်းထားတယ် မဟုတ်လား၊

မင်း . . . ငါ့စကားကို ဂရုစိုက်တာလား ခင်နှင်းဆီ''

ယောကျ်ားဖြစ်သူ၏ ခက်ထန်မာကျောသောအသံကြောင့် ဒေါ်ခင်နှင်းဆီမှာ စိုးရိမ်မှုယှက်သန်းနေသော မျက်လုံးများဖြင့် . . .

''မ . . . မဟုတ်ရပါဘူး ကိုကိုရယ်၊

ကိုကိုထင်သလို မဟုတ်ရပါဘူး''

ဟု ငြင်းဆန်လိုက်၏။





''တော်စမ်း . . . မင်းအသံကို ငါ မကြားချင်ဘူး၊

မင်းတို့သားအမိနှစ်ယောက်ရဲ့မျက်နှာကို ဒီအချိန်ကစပြီး ငါ့အိမ်မှာ မမြင်ချင်ဘူး၊

ဒါဟာ . . . မင်းတို့နဲ့ထိုက်တန်တဲ့ ပြစ်ဒဏ်ပဲ''

ယောကျ်ားဖြစ်သူ၏နှုတ်မှ ထွက်လာသောစကားများကြောင့် ဒေါ်ခင်နှင်းဆီမှာ မိုးပြိုကျမတတ် ထိတ်လန့်သွားရ၏။

ဦးရွှေမောင်သည် ခြေသံပြင်းပြင်းနင်း၍ အိမ်ကြီး၏အပေါ်ထပ်သို့ တက်သွား၏။

ဒေါ်ခင်နှင်းဆီမှာ သမီးဖြစ်သူအား ဖက်လျက် တသိမ့်သိမ့်ငိုကြွေးနေရှာ၏။

အိုင်းရစ်မေသည် အောင်မြင်ဝံ့ကြွားသည့်အပြုံးဖြင့် ဆက်တီခုံထက် ခြေချိတ်ထိုင်လျက် သားအမိနှစ်ယောက်အား ငေးစိုက်ကြည့်နေ၏။

ခဏကြာလျှင် . . .

ဦးရွှေမောင်သည် အိမ်ကြီးပေါ်မှ ပြန်ဆင်းလာပြီး ငွေစက္ကူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်အား ပစ်ပေးကာ . . .

"ရော့ . . . ဒီငွေတွေဟာ မင်းတို့သားအမိ

ရသင့်ရထိုက်တဲ့ ငွေတွေပဲ၊

တစ်နာရီအတောအတွင်း မင်းတို့မျက်နှာကို

ငါ မမြင်ချင်တော့ဘူး"

ဟု တင်းမာသောမျက်နှာထားဖြင့် ပြောလိုက်၏။

တသိမ့်သိမ့်ငိုရှိုက်နေသော ဒေါ်ခင်နှင်းဆီသည် မျက်ရည်

များကို သုတ်၍ ဦးရွှေမောင်၏မျက်နှာကို စေ့စေ့ကြည့်ကာ . . .

"ကိုကို ဒီလမ်းကိုလျှောက်ဖို့ ခင်ကိုယ်တိုင်

လမ်းခင်းပေးခဲ့တာပါ ကိုကို၊

ခင်တို့သားအမိအတွက် ငွေမလိုပါဘူး၊

ကိုယ့်အတွက် တစ်နေရာစာတောင် မရှိတော့

တဲ့ ဒီအိမ်ကြီးမှာလည်း မနေချင်တော့ပါဘူး၊

ကိုကို့ဆန္ဒအတိုင်း ခင်တို့သားအမိ ဒီနေရာက

ထွက်သွားပါမယ်"

ဟု တုန်ယင်သောအသံဖြင့် ပြောလိုက်၏။





ထို့နောက် . . .

သူမသည် သမီးဖြစ်သူအား လက်ဆွဲလျက် အဝတ်တစ်ထည်

ကိုယ်တစ်ခုနှင့်ပင် နှစ်ဆောင်ပြိုင်အိမ်ကြီးမှ ထွက်သွားလေ၏။

✿

www.burmeseclassic.com

www.burmeseclassic.com

ခင်နှင်းဆီသည် ...

နှင်းဒေဝီလေး၏လက်ကိုဆွဲလျက် ခြေဦးတည့်ရာ သွားလာနေမိ၏။

မှောင်ရီပျိုးစအချိန်သို့ရောက်လျှင် ...

ငှင်းတို့မှာ အချိန်ကြာမြင့်စွာ လမ်းလျှောက်ခဲ့ရသဖြင့် [illegible]

ရှုမင်းသမီးစာပေ

---

www.burmeseclassic.com

www.burmeseclassic.com



ဟိုက်လျက် ခြေထောက်များ မလှုပ်နိုင်အောင်ဖြစ်လာ၏။

သူမတို့သည် မှောင်ကြီးမည်းမည်း၌ နားခိုရာနေရာအား ရှာဖွေမိလေ၏။

ထိုအခါ မလှမ်းမကမ်းရှိ ဇရပ်ပျက်ကြီးတစ်ခုအား တွေ့ရှိသွားလေ၏။

သားအမိနှစ်ယောက်သား ဇရပ်ပျက်ရှိရာ ချဉ်းကပ်လျက်ကြည့်လိုက်ရာ သီလရှင်ဇရပ်ကြီး ဖြစ်နေကြောင်း သိရလေ၏။

ဇရပ်ပေါ်သို့ရောက်လျှင် သူမတို့သည် ထောင့်တစ်နေရာ၌ ထိုင်ချလျက် အမောဖြေကြလေ၏။

နှင်းဒေဝီလေးမှာ ချောက်ချားဖွယ်ကောင်းလှသော ပတ်ဝန်းကျင်အား ကြည့်လျက် မျက်လုံးများ ပိုင်းစက်နေရှာ၏။

ခင်နှင်းဆီသည် ရင်ဘတ်ဆီမှ စူးအောင့်သောဝေဒနာအား အသက်ဝအောင်ရှူရှိုက်လျက် ...

"သမီးလေး ... ဗိုက်ဆာနေပြီလားကွယ်"

ဟု မေးလိုက်၏။

နှင်းဒေဝီလေးမှာ မိခင်ဖြစ်သူ၏အနား တိုးကပ်ထိုင်ရင်း ...





"ဟင့်အင်း ... ဒေဝီ ဗိုက်မဆာဘူး မေမေ၊
ဒေဝီတို့ ဒီနေရာမှာ ညအိပ်ရမှာလားဟင်"
ဟု မေးမြန်းလိုက်၏။

သမီးဖြစ်သူ၏အမေးကြောင့် ခင်နှင်းဆီမှာ ရင်ထဲ ဆို့နင့်သွားပြီး ...

"ဒါပေါ့ ... သမီးရယ်၊
ခုချိန်မှာ မေမေတို့မှာ ကြေကွဲဝမ်းနည်းမှုတွေ ကလွဲရင် ဘာမှမရှိဘူး၊
လောကကြီးဟာ တစ်ခါတစ်ရံ မထင်မှတ်တဲ့ အပြောင်းအလဲတွေ ရှိတတ်တယ် သမီး၊
လောကဓံဆိုတာ ဒါပဲကွယ်၊
မေမေတို့ ဟောဒီ သီလရှင်ဇရပ်ကြီးမှာပဲ ည အိပ်ရမှာပေါ့ကွယ်"

ဟု ဆိုရင်း အသက်ကို ဝအောင် ရှူရှိုက်လိုက်မိ၏။

နှင်းဒေဝီလေးမှာ မွေ့ရာခေါင်းအုံးမရှိပါဘဲ ဇရပ်ပေါ် အိပ်ရက်ရမည်ဟူသောအသိကြောင့် မျက်နှာညှိုးငယ်သွားရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေ့ညွှန့်ပေ့များအား စားသောက်ခဲ့ရ၍ တ,တိုင်း ရခဲ့သော နယ်ပိုင်မင်း၏သမီး နှင်းဒေဝီ။

ယခုမူ ...

ယိုယွင်းပျက်စီးနေသည့် ဇရပ်အိုကြီးပေါ်၌ ကျောဆန့် အိပ်စက်ရလေတော့မည်။

တဝီဝီပျံနေသည့် ခြင်များကြောင့် နှင်းဒေဝီမှာ တဖျပ်ဖျပ် ရိုက်ရင်း မိခင်အား ကြည့်လိုက်၏။

မိခင်သည် နံရံအား ကျောမှီလျက် အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရ၏။

သူမ စိုးရိမ်စိတ်များ လှိုက်တက်သွားပြီး မိခင်၏လက်ကို လှုပ်ယမ်းကာ ...

"မေမေ ... မေမေ ... ဘာဖြစ်နေတာလဲ ဟင်၊

အသက်ရှူရတာ မဝလို့လား။

ဒေ ... ဒေဝီ ဘာလုပ်ပေးရမလဲဟင်"

ဟု တတွတ်တွတ် မေးလိုက်မိ၏။





"ဟုတ်တယ် သမီး။ မေမေ အသက်ရှူလို့ မဝဘူး။

ရင်ဘတ်ထဲက သိပ်အောင့်တာပဲ သမီးရယ်၊

ငါ့သမီးလေးကိုကြည့်ပြီး မေမေ့ရင်ထဲ မချိ လိုက်တာကွယ်၊

မေမေ့ကြောင့် ငါ့သမီးလေးဟာ လမ်းဘေး ဇရပ်မှာ အိပ်နေရပြီ၊

သနားဖို့ကောင်းလိုက်တဲ့ သမီးလေးရယ်"

ခင်နှင်းဆီသည် သမီးဖြစ်သူ၏ခေါင်းကို ပွတ်သပ်လျက် မချိတင်ကဲ ရေရွတ်မိလေ၏။

"ဖေဖေ မတရားဘူး။

ဟိုမိန်းမကြီးက ဒေဝီ့စာအုပ်တွေကို လွှင့်ပစ် ပြီး ပခုံးကို သူ့အားကြီးနဲ့ လာညှစ်လို့ ဒေဝီက ခဲတံနဲ့ ထိုးလိုက်တာ၊

သူ့ကြောင့် ဒေဝီတို့ကို ဖေဖေ စိတ်ဆိုးတာ မေမေ၊



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေဝီ့ကို အနိုင်ကျင့်ချင်တာ မေမေရဲ့၊ ဒါကို ဖေဖေက သူ့ကျတော့ မဆူဘူး၊ ဒေဝီတို့ကိုပဲ အိမ်ပေါ်က မောင်းချတယ်၊

ဖေဖေ မတရားဘူး မေမေ''

ခင်နှင်းဆီသည် သမီးဖြစ်သူအား ရင်ခွင်ထဲ ဆွဲသွင်းလိုက်ရင်း . . .

''မိဘကို ကံသုံးပါးနဲ့ ပြစ်မှားရင် ကံကြီးထိုက်တတ်တယ် သမီး၊

သမီးအဖေကို ဒီလို မပြောရဘူး၊

ဘယ်တော့မှ မိဘကို အပြစ်မြင်ဖို့ မကြိုးစားပါနဲ့ သမီး၊

ဒီလိုပဲ . . . အိုင်းရစ်မေ အပေါ်မှာလည်း မုန်းတီးစိတ်တွေ မထားပါနဲ့၊

လူငယ်တစ်ယောက်ရဲ့ ပျော်ရွှင်မှုတွေ လွတ်လပ်မှုတွေကို စွန့်လွှတ်ပြီး သူ့ခမျာ သမီးဖေဖေရဲ့ အနားမှာ နေရရှာတာပါ၊





ယောက်ျားဆိုတာမျိုးက အသက်ကြီးလေ ကလေးငယ်တွေလို ယုယမှု၊ ကြင်နာမှု၊ ဂရုစိုက်မှုတွေကို လိုချင်ကြတာ သဘာဝပါ၊

မေမေ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် သမီးဖေဖေရဲ့ လိုအပ်ချက်တွေကို အပြည့်အဝ မေမေ မဖြည့်ဆည်းနိုင်တော့ဘူး၊

ဒါကြောင့် သမီးဖေဖေအတွက် အိုင်းရစ်မေက မရှိမဖြစ် လိုအပ်ပါတယ်၊

မေမေ သူ့ကို ကျေးဇူးတင်တယ် သမီး၊

သမီးဖေဖေရဲ့အနားမှာ သူ အမြဲရှိနေပါစေလို့ မေမေ ဆုတောင်းမိတယ်''

ဟုဆိုလျှင် နှင်းဒေဝီလေးမှာ မိခင်အား ခေါင်းမော့ကြည့်မိ တ၏။

''မေမေကလည်း အိုင်းရစ်မေကြောင့် ဒေဝီတို့မိသားစုတွေ တစ်စစီဖြစ်သွားတာ၊ ဘာလို့ ကျေးဇူးတင်ရမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကို ဒေဝီ နားထောင်ပါတယ်၊

ဖေဖေ့ကို အပြစ်မမြင်ပါဘူး၊

ဒါပေမဲ့ ... အိုင်းရစ်မေကို ဒေဝီ သိပ်မုန်း
တယ် မေမေ၊

ဒီမိန်းမကြောင့် ဖေဖေ ဒုက္ခရောက်လိမ့်မယ်၊

ဖေဖေသာ တစ်ခုခုဖြစ်လို့ကတော့ အိုင်းရစ်
မေကို ဒေဝီ ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး''

❁

ညသည် ...

တစ်စထက်တစ်စ နက်လာ၏။

နှင်းဒေဝီလေးသည် မိခင်၏ရင်ခွင်တွင်း ခေါင်းတိုးလျက်
အိပ်မောကျနေ၏။

ထိုအခိုက်မှာပင် ...

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ပူ ‥ အူ ‥ အူ ‥'

အဝေးဆီမှ ခွေးအူသံများကို အဆက်မပြတ် ထွက်ပေါ်လာ၏။

ခွေးအူသံကြောင့် နှင်းဒေဝီမှာ လန့်နိုးသွားပြီး ...

"မေမေ ...

ခွေးအူသံက ကြောက်ဖို့ကောင်းလိုက်တာ၊

ဒေဝီ ကြောက်တယ်၊

ဖက်ထားပေးပါ မေမေ"

ဟု ပြောရင်း ရင်ခွင်တွင်းသို့ ပိုမိုတိုးဝင်လိုက်၏။

"မေမေ ... မေမေ"

သူမ တတွတ်တွတ်ခေါ်လိုက်သော်ငြား မိခင်ထံမှ တုံ့ပြန်မှုမရှိပေ။

သူမ မိခင်၏ပခုံးအား ဆွဲလှုပ်ရင်း ...

"မေမေ ...

မေမေ တစ်ရေးအိပ်နေတာလားဟင်၊

ခွေးတွေအူနေတယ် မေမေရဲ့၊





ဒေဝီ ကြောက်လို့ပါ၊

ထပါဦး မေမေ ... ထပါဦး"

ဟု ခေါ်လိုက်လေ၏။

သို့သော် ...

မိခင်မှာ ...

မျက်လုံးပွင့်လာခြင်းမရှိသဖြင့် သူမသည် မိခင်၏ရင်ဘတ်နားကပ်၍ နှလုံးခုန်သံကို နားထောင်ကြည့်မိ၏။

"ဟင် ... မေမေ ... မေမေ အသက်မရှူတော့ပါလား၊

မေမေ ... မေမေရေ"

နှင်းဒေဝီ၏ တုန်ယင်အက်ကွဲသောခေါ်သံသည် တိတ်ဆိတ်သောပတ်ဝန်းကျင်အား လွှမ်းမိုးသွား၏။

"မေမေ ... မေမေ ... ဘာလို့ ခေါ်မရတာလဲ မေမေရဲ့"

"သဘာဝလောကကြီးထဲကနေ လူသားတစ်ယောက် ထွက်သွားတာဟာ ... ဝမ်းသာစရာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးမရဲ့

မင်းရဲ့မိခင်ဟာ အေးချမ်းရာကို ရောက်သွားပြီ၊

လူသားတစ်ယောက်ရဲ့ စားဝတ်နေရေးဆိုတဲ့ ဒုက္ခဆိုးကြီးက လွတ်မြောက်သွားပြီကွ၊

ဒါကြောင့် ...

သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျုပ် ဟားတိုက်ရယ်တယ်၊

ဒုက္ခကနေ လွတ်မြောက်သူအတွက် ဘာလို့ မျက်ရည်ကျနေမလဲ ကလေးမရယ်၊

ရယ်မောခြင်းပဲ ရှိသင့်တယ် မဟုတ်လားကွယ်''

ထိုလူကြီး၏စကားကြောင့် နှင်းဒေဝီသည် ခေါင်းခါယမ်းလျက် ...

"ဦးကြီးပြောတာကို ကျွန်မ နားမလည်ပါဘူး

ဒေဝီ့မေမေကို ခေါ်မရတော့တာပဲ သိပါတယ်၊





မေမေ ... မေမေ သေသွားတာလားဟင် ဦးကြီး''

ဟု မျက်နှာငယ်လေးဖြင့် မေးလိုက်လေ၏။

လူကြီးသည် နှင်းဒေဝီလေး၏မျက်နှာအား စူးစိုက်ကြည့်ရင်း ...

"ဟုတ်တယ် ကလေးမ ...

မင်းအမေ သေသွားပြီ၊

မင်းဆီကို ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး''

ဟု ဆိုလေ၏။

"ထပါ မေမေရဲ့ ...

ဒေဝီ ကြောက်လို့ပါ၊ ကြောက်လို့ပါ၊

မေမေ ... မေမေ ... အီး ဟီး ဟီး ဟီး''

နှင်းဒေဝီလေးသည် မိခင်အား လှုပ်ယမ်းလျက် သည်းထန်စွာ အော်ဟစ်ငိုကြွေးလိုက်၏။

"ဟား .. ဟား .. ဟား ..



www.burmeseclassic.com

www.burmeseclassic.com



ဟား ‥ ဟား ‥ ဟား ‥ ဟား''

ရုတ်တရက် ထွက်ပေါ်လာသော ရယ်မောသံကြောင့် နှင်းဒေဝီသည် အငိုတိတ်ကာ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်မိ၏။

ဟောင်းနွမ်းစုတ်ပြဲနေသည့် ကုတ်အင်္ကျီကြီးအား ဝတ်ဆင်ထားသည့် မုတ်ဆိတ်ကျင်စွယ်နှင့် လူကြီးတစ်ဦးသည် ဟားတိုက်ရယ်မောလျက် ဇရပ်ပေါ်သို့ တက်လာလေ၏။

နှင်းဒေဝီလေးမှာ ...

လူဆိုးဓားပြနှင့်တူသော လူကြီးကိုကြည့်၍ ကြောက်လန့်သွားပြီး ...

''ဦး ... ဦးကြီး ဘယ်သူလဲ၊

ကျွန်မတို့ကို အန္တရာယ် မပြုပါနဲ့နော်၊

ဒီ ... ဒီမှာ မေမေ့ကိုလည်း ခေါ်လို့မရဘူး၊

ဦး ... ဦးကြီး ကြည့်ပေးပါဦးရှင့်''

ဟု တုန်ယင်သောအသံဖြင့် ပြောလိုက်၏။

လူကြီးသည် ဟက်ဟက်ပက်ပက်ရယ်မောရင်း သူမအနီးသို့ လျှောက်လာလေ၏။





''ခေါ်လို့မရတာ ဝမ်းသာစရာပေါ့ ကလေးမရဲ့၊

ဟား ‥ ဟား ‥ ဟား ‥ ဟား''

နှင်းဒေဝီလေးသည် လူကြီးကိုကြည့်၍ ကြောင်အမ်းသွားပြီး ...

''ဦး ... ဦးကြီးက ဘာလို့ရယ်နေတာလဲ''

ဟု မေးလိုက်ရာ လူကြီးသည် သူမနံဘေး၌ ဒူးထောက်ထိုင်ချလိုက်၏။

လူကြီး၏စကားကြောင့် ...

နှင်းဒေဝီလေးမှာ မိခင်အား ဖက်လျက် သည်းထန်စွာ ငိုကြွေးလေတော့၏။

လူကြီးသည် နှင်းဒေဝီတို့အား ငေးစိုက်ကြည့်လျက် ...

''တစ်ယောက်က အေးချမ်းသွားတယ်၊ တစ်ယောက်က ပူလောင်နေတယ်၊

ဒါဟာ ... လောကကြီးရဲ့ ဆန့်ကျင်မှုတရားပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်မှုတွေ ရှိနေသရွေ့ လောကကြီးဟာ
ဟန်ချက်ညီနေဦးမှာပဲ''

ဟု နူတ်က ရေရွတ်လိုက်လေ၏။

✺

လူကြီးသည် ...

မိခင်၏ရုပ်အလောင်းအား ဇရပ်နံဘေးရှိ မြေကွက်လပ်၌ပင် မြေမြှုပ်သင်္ဂြိုဟ်ပေး၏။

နှင်းဒေဝီလေးမှာ ချော့မြှူ၍မရလောက်အောင်ပင် ငိုကြွေး လျက် ရှိလေ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် သူမအား ငေးစိုက်ကြည့်ရင်း စိတ်မသက်မသာ ဟန်ဖြင့် ခေါင်းခါယမ်းလိုက်၏။

အတန်ကြာလျှင် ...

ရေဘူးတစ်ဘူးအား လှမ်းပေးရင်း ...

"ရော့ ကလေးမ ... ရေသောက်လိုက်ဦး ကွ"

ဟုဆိုသဖြင့် နှင်းဒေဝီလေးမှာ အငိုတန်းလန်းဖြင့်ပင် ရေဘူးကို ဆွဲယူ၍ သောက်လိုက်၏။

သူမသည် အချိန်ကြာမြင့်စွာပင် ရေသောက်လိုက်၊ ငိုကြွေးလိုက်ဖြင့် အလုပ်ရှုပ်လျက် ရှိလေ၏။

လူကြီးမှာ ဆေးပြင်းလိပ်တစ်လိပ်ကို ဖွာ၍ စိမ်ပြေနပြေ စောင့်ကြည့်နေ၏။

ဆေးလိပ်တစ်လိပ်ကုန်ခါနီးအချိန်တွင်မှ ရေဘူးတစ်ဘူး ကုန်သွားသလို သူမသည်လည်း ရှိုက်သံမျှသာ ထွက်နိုင်တော့၏။

"ကဲ ... ဘယ်လိုလဲ ကလေးမ ...

အတော်မှ မောသွားရဲ့လား"





လူကြီး၏အမေးကြောင့် နှင်းဒေဝီမှာ ရှိုက်သံကြီးဖြင့် ...

"ဒေဝီ့မေမေ မရှိတော့ဘူး ဦးကြီးရဲ့၊

ဒေဝီ ... ဒေဝီ ဘယ်သူနဲ့ နေရမှာလဲ၊

ဘယ်ကို သွားရမှာလဲ"

ဟု ရေရွတ်လိုက်ရာ လူကြီးက ...

"ကလေးမရဲ့အဖေက ဘယ်မှာလဲ၊

ဆွေမျိုးသားချင်းတွေရော မရှိကြဘူးလား ကွဲ့"

ဟု မေးမြန်းလိုက်၏။

နှင်းဒေဝီလေးသည် မျက်ရည်စိုစွတ်သော မျက်ဝန်းဖြင့် လူကြီးအား ငေးစိုက်ကြည့်ရင်း ...

"ဖေဖေက နယ်ပိုင်မင်း ဦးရွှေမောင်ပါ၊

ဒါပေမဲ့ ... ဖေဖေ့ဆီကို ဒေဝီ ပြန်သွားလို့ မရပါဘူး၊

ဖေဖေက အိုင်းရစ်မေကို အိမ်ပေါ်တင်ပြီး ဒေဝီတို့သားအမိကို အိမ်က ထွက်သွားခိုင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် . . . ဒေဝီ့မှာ ပြန်စရာအိမ်မရှိပါဘူး ဦးကြီးရယ်''

နှင်းဒေဝီလေး၏စကားကို ကြားလျှင် လူကြီးသည် သက်ပြင်းချလျက် . . .

''နယ်ပိုင်မင်းရဲ့သမီးက လမ်းဘေးဇရပ်မှာ အိပ်နေရတယ်၊

မင်းကတော်ကြီးရဲ့ရုပ်ပနဟာ လမ်းဘေးက လူတစ်ယောက်ရဲ့လက်နဲ့ပဲ အဆုံးသတ်ခဲ့ရတယ်၊

လူ့ပတ်ဝန်းကျင်အမြင်နဲ့ ကြည့်ရင်တော့ အတော့်ကို ရင်နင့်စရာဖြစ်ရပ်ပဲ၊

သဘာဝလောကကြီးနဲ့ ယှဉ်ကြည့်ရင်တော့ ဒါဟာ . . . ဖောက်လွဲဖောက်ပြန် လောကဓံပါပဲ၊

ဒီတော့ ကလေးမလေးရေ . . . ခုချိန်ကစပြီး အနောက်ကိုလည်း ပြန်မကြည့်နဲ့၊ အရှေ့ကိုလည်း ပြန်မတွေးနဲ့၊ ကျုပ်နဲ့အတူ လိုက်ပြီး ဘဝကို ပျော်ပျော်ကြီး ရင်ဆိုင်လိုက်စမ်းပါ၊





လောကကြီးမှာ နေတတ်ရင် ပျော်နှပ်စရာကြီး ပါကွ''

ဟု ပြောလိုက်လေ၏။

လူကြီး၏စကားကြောင့် နှင်းဒေဝီလေးမှာ မျက်လုံးများ ဝိုင်းစက်သွားရှာ၏။

''ဦးကြီးနဲ့ လိုက်နေရမယ် . . . ဟုတ်လား၊

ဦးကြီးက . . . ဘယ်သူလဲ . . . ဘယ်မှာနေ တာလဲ''

နှင်းဒေဝီ၏အမေးကြောင့် လူကြီးသည် ထိုင်ရာမှ ထရပ်လိုက်လေ၏။

''ကျုပ်နာမည် ဦးသူတော်၊

တချို့က ကျုပ်ကို ဓာတ်ဆေးဆရာကြီး ဦးသူတော်လို့ ခေါ်ကြတယ်၊

ကျုပ်ရဲ့အလုပ်ကတော့ ပယောဂ နှိမ်နင်းခြင်း ပါပဲ၊

ကျုပ်ဟာ ခြေသလုံးအိမ်တိုင်ဘဝနဲ့ အရပ်



www.burmeseclassic.com

www.burmeseclassic.com



တကာ လှည့်ပြီး ခုနစ်ရက်သားသမီးတွေရဲ့ အမှောင့်အစွဲ ပြဿနာတွေကို ဖြေရှင်းပေးရတဲ့ လူတစ်ယောက်ပါပဲ၊

ကဲ ကလေးမ ... မင်းရဲ့နာမည်အပြည့်အစုံကို ပြောပါဦးကွဲ့"

"ဒေဝီ့နာမည်က ... နှင်းဒေဝီပါ ဦးကြီး"

လူကြီးသည် သူမအနီးသို့ လျှောက်လှမ်းလာ၏။

မီခင်၏မြေပုံနံဘေး ကျုံ့ကျုံ့လေးထိုင်နေသည့် သူမကို ဖေးမယူလျက် ...

"ဒီမယ် နှင်းဒေဝီဆိုတဲ့ ကလေးမ ...

ခုချိန်ကစပြီး နှင်းဒေဝီဟာ နယ်ပိုင်မင်းကြီးရဲ့သမီး မဟုတ်တော့ဘူး၊

ဓာတ်ဆေးဆရာကြီး ဦးသူတော်ရဲ့ မွေးစားသမီး ဖြစ်သွားပြီ၊

နားလည်ရဲ့လား လုံမလေး"

ဟု ပြောလိုက်ရာ နှင်းဒေဝီလေးမှာ တအံ့တဩဟန်ဖြင့်





"ရှင် ... ဓာတ်ဆေးဆရာကြီး ဦးသူတော်ရဲ့သမီး ... ဟုတ်လား၊

ဒါ ... ဒါဆို ဦးကြီးက ဒေဝီရဲ့အဖေ ဖြစ်သွားပြီပေါ့"

ဟု ရေရွတ်လိုက်၏။

ဦးသူတော်သည် သူမ၏စကားအား သဘောကျဟန်ဖြင့် ...

"ဟား ဟား ဟား ... ဟုတ်တယ်ဟေ့ ... ကျုပ်က လုံမရဲ့အဖေပဲ၊

နှင်းဒေဝီအဖေ သူတော်၊ သူတော့်သမီး နှင်းဒေဝီ၊

ဟား ... ဟား ... တယ်ပြီး နေရာကျပါလားဟေ့"

ဟု အသံဝါကြီးဖြင့် ပြောကာ ရယ်မောလိုက်လေ၏။

ထို့နောက်တွင်မူ ...

နယ်ပိုင်မင်း၏သမီး နှင်းဒေဝီလေးသည် ဓာတ်ဆေးဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော်နှင့်အတူတကွ သီလရှင်ဇရပ်ပျက်ကြီးကို ကျောခိုင်းစွန့်ခွာ သွားလေတော့၏။

❁

ဤသို့ဖြင့် ...

နယ်ပိုင်မင်းဦးရွှေမောင်နှင့် မင်းကတော်ဒေါ်ခင်နှင်းဆီတို့၏ သမီး နှင်းဒေဝီလေးသည် ဓာတ်ဆရာတစ်ဖြစ်လဲ ပယောဂဆရာကြီး ဦးသူတော်နှင့်အတူတကွ ၎င်း၏မွေးစားသမီးအဖြစ် နေထိုင်ရှာ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဒေဝီသည် ...

ဦးသူတော်နှင့်အတူ မြန်မာပြည်အနှံ့ လှည့်လည်သွားလာရင်း အနှောင့်အဖွဲ့ပယောဂနှင့်ပတ်သက်သော အတွေ့အကြုံများစွာကို ရခဲ့၏။

အတွေ့အကြုံများ ရလာသည်နှင့်အမျှ ထိုပညာရပ်အပေါ်၌ စိတ်ဝင်စားမှုများသည်လည်း တစ်စထက်တစ်စ ပို၍ပြင်းထန်လာလေ၏။

ထို့ကြောင့် ...

သူမအသက် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်လျှင် ဦးသူတော်အား ပယောဂနှင့်ပတ်သက်သည့် ပညာရပ်များကို သင်ကြားပေးရန် တောင်းဆိုခဲ့လေ၏။

ဦးသူတော်သည် သူမ၏ဆန္ဒအား မငြင်းပယ်ဘဲ ပညာရပ်များကို သင်ကြားပေးမည်ဟု ကတိပြုခဲ့လေ၏။

ပညာရပ်များ စတင်သင်ကြားပေးမည့်နေ့၌ ဦးသူတော်သည် သူမအား ကိုယ်လက်သန့်စင်စေ၏။

သန့်ပြန့်သောဝတ်စုံအား ဝတ်ဆင်စေ၍ ပွဲကြီးပွဲငယ် အသွယ်





သွယ်ပြင်ဆင်ထားသည့် ဘုရားစင်ရှေ့၌ ထိုင်စေ၏။

ထို့နောက် ...

"အဘတို့ရဲ့ လမ်းစဉ်တွေထဲမှာ ... ဂိုဏ်းဂဏာတွေ အသီးသီးရှိကြတယ်ကွဲ့၊

အဘ ကျင့်ကြံအားထုတ်ပြီး လိုက်စားခဲ့တဲ့ လမ်းစဉ်ကတော့ ရှေးအစဉ်အဆက် တည်ရှိခဲ့တဲ့ မနောစိတ္တုပ္ပါဒ် လမ်းစဉ်ပဲ၊

ဗိန္ဓောဆေးဆရာဟာ ဆေးနည်းတွေ ဖော်စပ်ပြီး လူနာတွေရဲ့ဝေဒနာကို သက်သာပျောက်ကင်းအောင် ပြုကြတယ်၊

ဒါကြောင့် ... သူတို့ကို ရုပ်ခန္ဓာမှာစွဲကပ်တဲ့ ရောဂါဘယတွေကို ကုသတဲ့ဆရာလို့ ခေါ်ကြတယ်၊

အဘတို့ဟာ ရုပ်ခန္ဓာရဲ့ သဘာဝလွန်ဖြစ်ရပ်တွေဖြစ်တဲ့ ပရလောကသားတွေရဲ့ နှောင့်ယှက်ခြင်း, ရန်ပြုခြင်းတွေကို ကုစား ဖယ်ရှားပေးရတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာပယောဂတွေကို နိုင်နင်းတဲ့ ဆရာတွေသာ ဖြစ်တယ်၊

ဒါကြောင့် အဘတို့ကို မိစ္ဆာပယောဂကုတဲ့ ဆရာလို့ ခေါ်ကြသလို ဓာတ်ဆေးဆရာလို့လည်း ခေါ်ဝေါ်ခဲ့ကြတယ်၊

ဗိန္ဓောဆရာပဲဖြစ်ဖြစ်, ပယောဂဆရာပဲဖြစ်ဖြစ် အားလုံးရဲ့ ဦးတည်ချက်ကတော့ ခုနစ်ရက်သား သမီးတွေရဲ့အကျိုးကို လိုလားတဲ့ အများအကျိုး ပြုသူတွေပါပဲ''

ဟု ရှင်းပြပြီးနောက် ဦးသူတော်သည် ၎င်းတို့၏လမ်းစဉ်နှင့် ပတ်သက်သည့် စည်းကမ်းချက်များကို ဆက်လက်ပြောပြလေ၏။

''အဘတို့လမ်းစဉ်အရ ဆရာတစ်ဆူပြုလို သူဟာ ကိုယ်လက်အင်္ဂါ ပြည့်စုံရမယ်၊

ကံငါးပါးထဲက သူရာမေရယကံနဲ့ မိမိ စောင့် ထိန်းနိုင်တဲ့ ကံတစ်ပါးကို အသက်ထက်ဆုံး လုံ အောင် ထိန်းသိမ်းနိုင်ရမယ်၊





ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ရမယ်၊

အကျင့်စာရိတ္တ ကောင်းမွန်ရမယ်၊

ဥပုသ်သီတင်း ဆောက်တည်နိုင်ရမယ်၊

မိမိမှာ ဘာကျင့်ကြံအားထုတ်မှုမှ မရှိသေးဘဲ အထက်ထွက်ရပ်ပေါက် ဆရာတော်ကြီးတွေဆီ က အမြင်,အကြားရဟန်နဲ့ သူတစ်ပါး အထင် အမြင်ကြီးစေဖို့ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး လိမ်လည်မှု မပြုလုပ်ရဘူး၊

တခြားဂိုဏ်းဂဏတွေရဲ့ ကုသပုံ, အစွဲချွတ်ပုံ တွေကို တုပခြင်းမပြုဘဲ မိမိလမ်းစဉ်နဲ့ အညီသာ ပြုလုပ်ရမယ်''

ဦးသူတော်သည် လမ်းစဉ်၏ကျင့်ကြံမှုများနှင့်ပတ်သက်၍ များပြားလှသော စည်းကမ်းချက်များကို စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။

နှင်းဒေဝီသည် ...

သူမ တတ်မြောက်လိုသည့် ပညာရပ်များကို သင်ယူရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် ဦးသူတော်၏စည်းကမ်းများအား စိတ်ဝင်တစား လိုက်လံ
မှတ်သားထားလေတော့၏။

နှင်းဒေဝီသည် . . .

မွေးစားဖခင်ကြီးဖြစ်သူ ဦးသူတော်ထံမှ ပယောဂကုပညာရပ်များအား နည်းနာခံယူရင်း အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ခဲ့လေ၏။

တစ်နေ့သ၌ . . .

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမတို့သည် ဦးသူတော်၏တပည့်တစ်ဦး ပင့်ဖိတ်မှုကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရွာငယ်လေးတစ်ခုသို့ သွားရောက်ခဲ့လေ၏။

တပည့်ဖြစ်သူသည် ဦးသူတော်တို့ ရောက်ရှိလာသည်ကို မြင်လျှင် ဝမ်းသာအယ်လဲအမူအရာဖြင့် ခရီးဦးကြိုပြုရင်း . . .

"ဝမ်းသာလိုက်တာ အဘဆရာကြီးရယ်၊

အဘဆရာကြီး ကျုပ်တို့ဆီကို လာမှလာပါ့

မလားလို့ စိတ်ပူနေတာ၊

ခရီးရောက်မဆိုက်ကြီး ပြောရဦးမယ်၊

ကလေးတစ်ယောက် ဒုက္ခရောက်နေတယ်

ဆရာကြီး၊

အဘဆရာကြီး ကယ်တင်မှ ချမ်းသာရာရ

လိမ့်မယ်ဗျ"

ဟု ဆိုလေ၏။

ဦးသူတော်နှင့် နှင်းဒေဝီသည် အိမ်ရှေ့ကွပ်ပျစ်၌ ထိုင်လျက် အထုပ်အပိုးများကို ချပြီးနောက် . . .





"ဘယ်လိုများ ဒုက္ခရောက်နေတာလဲ၊

ဆိုပါဦး မောင်စိုင်းဇေ"

ဟု ဦးသူတော်မှ မေးလိုက်၏။

စိုင်းဇေသည် ဦးသူတော်တို့ စားသောက်ရန်အတွက် အကြမ်းရည်နှင့် ခေါ်ပုတ်များ ချပေးပြီးနောက် ဦးသူတော်အား ဦးချကန်တော့လေ၏။

ထို့နောက် ဦးသူတော်၏ နံဘေး၌ ထိုင်လျက် . . .

"အဲဒီကလေးရဲ့နာမည်က စိုင်းပန်ပါ အဘ

ဆရာကြီး၊

တစ်နေ့က ရွာစွန်တောစပ်ပိုင်းကျတဲ့နေရာ

မှာ စိုင်းပန်တို့ ကလေးတွေ သွားဆော့ကြတယ်၊

သူတို့ဆော့တဲ့အချိန်က နေဝင်ရီတရောအချိန်

ကြီးဗျ၊

ကလေးတွေ ဆော့နေရင်း စိုင်းပန်ရဲ့နာမည်

ခေါ်သံကြားကြတယ်၊

စိုင်းပန်က သူ့အိမ်က လူကြီးတွေ ခေါ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီး ပြန်ထူးခဲ့တယ်တဲ့ ဆရာကြီး၊

အဲဒီက ပြန်လာကတည်းက စိုင်းပန်ဟာ ဘယ်သူနဲ့မှ စကားမပြောတော့ဘူး၊

သူ့မိဘတွေဆို ရူးမတတ်ကို ဖြစ်နေကြတယ် အဘဆရာကြီး၊

အဲဒါ ... အဘဆရာကြီး ကယ်တင်ပေးပါဦး ခင်ဗျ''

ဟု ဆိုလေ၏။

ဦးသူတော်သည် အကြမ်းရည်အား မှုတ်သောက်လိုက်ပြီး နောက် ...

''ဒီကိစ္စက ကျုပ်မလိုပါဘူး မောင်စိုင်းဖေ၊ ကျုပ်သမီး နှင်းဒေဝီနဲ့တင် ရပါတယ်၊

ကဲ လုံမရေ ... စိုင်းပန်လေးကို လိုက်ကြည့် ပေးလိုက်ပါကွယ်''

ဟု ပြောလိုက်ရာ စိုင်းဖေသည် နှင်းဒေဝီအား ငေးကြည့် ရင်း ...





''ဖြစ် ... ဖြစ်ပါ့မလား အဘဆရာကြီး၊

ကျုပ်တို့ နယ်မြေက သိပ်ကြမ်းတယ်၊

ဒီမိန်းကလေးကြည့်ရတာ သိပ်နုနယ်လွန်း တယ် ခင်ဗျ''

ဟု ဆိုလေ၏။

စိုင်းဖေ၏ အထင်မြင်သေးသည့်အပြောကြောင့် နှင်းဒေဝီ မှာ မျက်နှာတင်းမာသွားပြီး ...

''လူငယ်ပေမယ့် ပညာမငယ်ဘူးဆိုတာ ဟို ရောက်ရင် ရှင်သိရမှာပါ၊

စိုင်းပန်ရဲ့အိမ်ကိုသာ လိုက်ပို့စမ်းပါရှင်''

ဟု ပြောလိုက်လေ၏။

စိုင်းဖေသည် ...

ဦးသူတော်၏မျက်နှာကိုတစ်လှည့်၊

နှင်းဒေဝီကိုတစ်လှည့် ကြည့်ရင်း သက်ပြင်းသဲ့သဲ့ရှိုက်လိုက် ၏။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



နှင်းဒေဝီအား ဦးဆောင်၍ စိုင်းပန်လေး၏အိမ်သို့ ခေါ်ဆောင်သွားလေ၏။

ရွာစွန်ရှိ ခြေတံရှည်အိမ်မည်းကြီးတစ်လုံးသို့ရောက်လျှင် စိုင်းဖေသည် အိမ်ပေါ်သို့ တက်သွား၏။

သူမလည်း အိမ်၏ပတ်ဝန်းကျင်အား အကဲခတ်လျက် နောက်မှ လိုက်ပါသွား၏။

စိုင်းဖေသည် စိုင်းပန်လေး၏မိဘများအား သူမနှင့် မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးလေ၏။

စိုင်းပန်၏မိခင်ဖြစ်သူမှာ သူမအား အားကိုးတကြီး ပြေးဖက်ရင်း ...

"နန်းရဲ့သားလေးကို ကယ်ပါဦး ဆရာမကြီးရယ်၊

သားလေးကိုကြည့်ပြီး နန်းတို့ အရူးမီးဝိုင်း မတတ် ဖြစ်နေကြပါတယ်ရှင့်၊

ငွေကုန်ချင်သလောက် ကုန်ပါစေ ဆရာမကြီးရယ်၊

သားလေးကိုသာ ကောင်းအောင်ကုသပေးပါရှင်"

ဟု တုန်ယင်သောအသံဖြင့် ပြောလေ၏။

"စိုင်းပန်လေးဆီမှာ အမှောင့်အစွဲ အမှန်ရှိနေရင် အစွဲချွတ်ပေးရမှာ ကျွန်မရဲ့တာဝန်ပါပဲ၊

ဒီအတွက် ငွေပေးစရာမလိုပါဘူး အစ်မကြီး၊

ကျွန်မ ... စိုင်းပန်လေးကို ကြည့်ပါရစေ"





နှင်းဒေဝီ၏စကားကြောင့် အမျိုးသမီးကြီးသည် မျက်ရည်များကို သုတ်လျက် အိပ်ခန်းတစ်ခုဆီ ခေါ်ဆောင်သွား၏။

ထိုအခါ အိပ်ခန်းတွင်း၌ အိပ်မောကျနေသော စိုင်းပန်လေးကို တွေ့ရလေ၏။

အမျိုးသမီးကြီးမှာ စိုင်းပန်အား နှိုးမည်ပြုလိုက်၏။

နှင်းဒေဝီသည် မနှိုးစေဘဲ စိုင်းပန်၏အနီး၌ ထိုင်လိုက်လေ၏။

စိုင်းပန်၏နဖူးပေါ် လက်တင်လျက် မျက်လုံးစုံမှိတ်ကာ အာရုံပြုလေ၏။

ထို့နောက် အိပ်ခန်းအပြင်သို့ ပြန်ထွက်သွားပြီး မိခင်ဖြစ်သူအား ...

"ကလေးကို အိမ်ရှေ့ခန်းမှာ ကျွန်မ ကုသမယ်၊

သူ့ကို မနိုးစေဘဲ အသာလေး အပြင်ကို ထုတ်ပေးကြပါ"

ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

မိခင်ဖြစ်သူသည် စိုင်းပန်လေးကို အသာပွေ့ချီ၍ အိမ်ရှေ့ခန်းသို့ ထုတ်ခဲ့လေ၏။

နှင်းဒေဝီသည် ကြမ်းပြင်၌ စည်းဝိုင်းလျက် ထိုစည်းအတွင်း၌ ကလေးကို ရှိစေ၏။

သူမသည် စိုင်းပန်လေး၏ ခေါင်းရင်းဘက်တွင် တင်ပျဉ်ခွေထိုင်လျက် မျက်လုံးစုံမှိတ်ကာ နှုတ်မှ မန္တန်များ ရွတ်ဖတ်လိုက်လေ၏။

အတန်ကြာအောင် မန္တန်ရွတ်ဖတ်ပြီးလျှင် အောင်သပြေခက်ဖြင့် ကလေး၏နဖူးကို ရိုက်လျက် ...

"ခုချိန်ကစပြီး မောင်စိုင်းပန်ဟာ မိမွေးတိုင်း
ဖမွေးတိုင်း အကောင်းပကတိဖြစ်သွားပြီ၊
စိုင်းပန် ... စိုင်းပန်"

ဟု ခေါ်လိုက်၏။

စိုင်းပန်လေးမှာ လူးလွန့်လှုပ်ရှားလာပြီး မျက်လုံးများ ပွင့်လာ၏။





ကလေးငယ်သည် မိခင်ဖြစ်သူအား ထဖက်၍ နှင်းဒေဝီတို့အား တအံ့တသြကြည့်နေ၏။

"အမယ်လေး ... ငါ့သားလေး ကောင်းသွား
ပြီ၊ ကောင်းသွားပြီတော့်၊
ကျေးဇူးတင်လိုက်တာ ဆရာမရယ်၊
ကျေးဇူးကြီးလိုက်တာ"

စိုင်းပန်၏မိခင်သည် ကလေးကို ပွေ့ဖက်ရင်း နှင်းဒေဝီအား ကျေးဇူးတင်စကား တဖွဖွဆို၏။

နှင်းဒေဝီသည် စိုင်းပန်တို့မိဘများအား နှုတ်ဆက်စကားဆို၍ ၎င်းတို့အိမ်မှ ထွက်ခဲ့လေ၏။

✸

www.burmeseclassic.com

www.burmeseclassic.com

လမ်းခုလတ်သို့ရောက်လျှင် စိုင်းဖေသည် နှင်းဒေဝီအား မဝံ့မရဲကြည့်၍ . . .

"ခင်ဗျားရဲ့ပညာစွမ်းကို အထင်သေးမိတဲ့ အတွက် တောင်းပန်ပါတယ် နှင်းဒေဝီ၊ ကျုပ်ကို စိတ်မဆိုးပါနဲ့"

ရွှေမင်းသမီးစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။

နှင်းဒေဝီသည် စိုင်းဖေ၏စကားကြောင့် မဲ့ပြုံးပြုံးမိရင်း ...

"ဒါ စိတ်ဆိုးစရာမဟုတ်ပါဘူး ကိုစိုင်းဖေ၊ ရှင့်အနေနဲ့ လူတစ်ယောက်ကို အမြင်နဲ့ မဆုံးဖြတ်တတ်ဖို့ပဲ လိုပါတယ်၊

ပညာဆိုတာ ကြီးတာ,ငယ်တာနဲ့ မဆိုင်ဘူးရှင့်"

ဟု ပြောလိုက်ရာ စိုင်းဖေမှာ အားတုံ့အားနာဟန်ဖြင့် ...

"ဟုတ်ကဲ့ပါ နှင်းဒေဝီ၊

ကျုပ် နောက်ဆို သတိထားပါ့မယ်ဗျာ၊

နှင်းဒေဝီ စိတ်မဆိုးတာသိရတဲ့အတွက် ကျုပ်ဝမ်းသာမိတာ အမှန်ပဲဗျ၊

ဒါနဲ့ ... ကျုပ်တို့သိထားတာ အဘဆရာကြီးဦးသူတော်ဟာ တစ်ကိုယ်ရေတစ်ကာယ တစ်ယောက်ပါ၊

နှင်းဒေဝီက အဘဆရာကြီးရဲ့ သမီးဆိုတော့"





ဟု မေးမြန်း၏။

"ဟုတ်ပါတယ် ... ကျွန်မကို အဘက မွေးစားခဲ့တာပါ၊

ကျွန်မ ဆယ့်လေးနှစ်သမီးအရွယ်လောက်ကတည်းကပါပဲ"

နှင်းဒေဝီတို့သည် စကားတပြောပြောဖြင့် လျှောက်လာရာ စိုင်းဖေ၏နေအိမ်သို့ပင် ရောက်ရှိလာခဲ့၏။

စိုင်းဖေ၏ခြံထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ...

"ဘယ်လိုလဲကွဲ့ ... ငါ့သမီး နိုင်နင်းခဲ့ရဲ့လား"

ဟု ဦးသူတော်မှ ဆီးကြိုမေး၏။

နှင်းဒေဝီသည် ဦးသူတော်အနီးသို့ လျှောက်သွား၏။

"နိုင်နင်းခဲ့ပါတယ် အဘ၊

စိုင်းပန်လေးတို့မိသားစုလည်း ပုံမှန်အတိုင်းပြန်ဖြစ်နေပါပြီ"

စိုင်းဖေသည် ဦးသူတော်၏နံဘေး၌ ဝင်ထိုင်လိုက်ရင်း ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အဘဆရာကြီး ... ဒီမှာ အကြာကြီးနေပြီးမှ

ပြန်ရမယ်နော်၊

ကျုပ်တို့ အဘနဲ့ဆုံရဖို့က မလွယ်ဘူးဗျ"

ဟု ဆိုလိုက်ရာ ဦးသူတော်သည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ကျုပ်ဆိုတဲ့လူမှာ ဘာကန့်သတ်ချက်မှ မရှိဘူး မောင်စိုင်းဖေ

ဘယ်လောက်နေမလဲဆိုတာ မဆုံးဖြတ်နိုင်သလို ဘယ်တော့ပြန်မလဲဆိုတာလည်း ကြိုမပြောနိုင်ဘူးကွဲ့"

ဟု ပြောလိုက်လေတော့၏။

✲



BURMESE CLASSIC .com

ညသို့ရောက်လျှင် ...

ချမ်းစိမ့်လွန်းသော ရာသီဥတုဒဏ်ကြောင့် စိုင်းဖေသည် ခြံထဲတွင် မီးဖိုပေးထားလေ၏။

စိုင်းဖေနှင့်ဦးသူတော်မှာ အိမ်ပေါ်၌ စကားပြောနေကြသဖြင့် နှင်းဒေဝီသည် မီးပုံနံဘေးထိုင်၍ မီးလှုံနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မီးလုံ့ရင်း ငယ်ဘဝကို ပြန်လည်အမှတ်ရမိနေ၏။

မင်းကြီး၏သမီးအဖြစ် သွားလေရာ မျက်နှာပွင့်လန်း၍ နေခဲ့ရသောဘဝ။

မိဘနှစ်ပါးနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ရသော ပုံရိပ်များကို မြင်ယောင်မိသည်နှင့်တစ်ပြိုင်နက် အိုင်းရစ်မေ၏မျက်နှာကိုပါ ပြေးမြင်မိလေ၏။

ဖခင်သည် ဘာမဟုတ်သောအသေးအဖွဲကိစ္စကို အကြောင်းပြု၍ မိခင်နှင့်သူမအား ခွေးမောင်း, နွားမောင်းသလို အိမ်ပေါ်မှ နှင်ချခဲ့သည့်ဖြစ်ရပ်။

မိခင်သည် သူမ၏လက်ကိုဆွဲလျက် တစ်သက်လုံးနေထိုင်ခဲ့သည့် နှစ်ဆောင်ပြိုင်အိမ်ကြီးကို ကျောခိုင်းကာ ခြေဦးတည့်ရာ ထွက်ခဲ့ရသော ပုံရိပ်ကို မြင်ယောင်မိလျက် ...

"မေမေရယ် ...
မေမေ့ကို ဒေဝီ အောက်မေ့လိုက်တာ၊
ဒေဝီတို့သားအမိ အိမ်ကနေ ထွက်ခဲ့ရတဲ့နေ့





ကို ဒေဝီ ဘယ်တော့မှ မမေ့ဘူး မေမေ၊
အဲဒီအချိန် ဖေဖေ့မျက်လုံးထဲမှာ ဒေါသတရားနဲ့ ပြတ်သားမှုတွေပဲ ရှိနေခဲ့သလို အိုင်းရစ်မေရဲ့ မျက်လုံးထဲမှာတော့ အောင်မြင်ဝံ့ကြွားမှုတွေ ပြည့်နှက်နေချိန်မှာ ဒေဝီတို့သားအမိရဲ့ ရင်ဘတ်ထဲမှာ ကြေကွဲအားငယ်မှုတွေပဲ ရှိနေခဲ့တယ်၊
ဒီခံစားချက်, ဒီအဖြစ်အပျက်က ဘယ်လောက်ဆိုးရွားလိုက်သလဲ မေမေ ... မေမေရယ်"

ဟု တမ်းတမိလျက် ကြေကွဲစိတ်များ လိုက်တက်သွားခဲ့ရ၏။

တဟုန်းဟုန်းတောက်လောင်နေသော မီးပုံမှ မီးတောက်နှင့်အတူ သူမ၏ရင်တွင်း၌ ကြေကွဲခြင်း မီးတောက်များ အရှိန်ပြင်းထန်လာ၏။

"အိုင်းရစ်မေ ... အိုင်းရစ်မေ ...
နင့်ကြောင့် ငါတို့သားအမိ တိရစ္ဆာန်တွေလို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်က မောင်းချခံခဲ့ရတယ်၊

နှင့်ကြောင့် . . . ငါ့အမေဟာ မင်းကတော်ဖြစ်ပါလျက် ခွေးလေခွေးလွင့်တစ်ကောင် သေဆုံးသလို လမ်းဘေးမှာ သေဆုံးခဲ့ရတယ်၊

ငါ နှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊

နှင့်ကို ငါ မုန်းတယ် . . . မုန်းတယ် . . . မုန်းတယ်''

နှင်းဒေဝီသည် နားအစုံကို လက်ဖြင့်အုပ်လျက် သည်းထန်စွာ ငိုချလိုက်၏။

ထိုအခိုက်မှာပင် သူမ၏ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာ၏။

သူမသည် ထိုလက်အား ဖျတ်ခနဲ ခါချလိုက်ပြီး ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

သူမ၏ ရန်ပြုမည့်ဟန်နှင့် မီးဝင်းဝင်းတောက်နေသော မျက်လုံးများကို မြင်လျှင် . . .

''နှင်း . . . နှင်းဒေဝီ . . . ကျုပ် စိုင်းဖေပါ၊





ဘာ . . . ဘာဖြစ်တာလဲ''

စိုင်းဖေသည် ခြေတစ်လှမ်း နောက်ဆုတ်မိရင်း အံ့အားသင့်ဟန်ဖြင့် ရေရွတ်လိုက်၏။

နှင်းဒေဝီမှာ မျက်ရည်ပြည့်လျှမ်းနေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေရာမှ မျက်လုံးများ လှုပ်ရှားသွား၏။

မျက်ရည်များအား သုတ်လျက် . . .

''တောင်းပန်ပါတယ် ကိုစိုင်းဖေ၊

ကျွန်မ ဘာမှ မဖြစ်ပါဘူး၊

ခွင့်ပြုပါဦး''

ဟု ဆိုကာ မီးပုံရှေ့မှ ထွက်သွားလေ၏။

စိုင်းဖေမှာ နှင်းဒေဝီ၏ ကျောပြင်အား ငေးကြည့်လျက် နားမလည်နိုင်ခြင်းများစွာဖြင့် ခေါင်းခါယမ်းမိလေ၏။

✹



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ခင်းတစ်ခု၌ . . .

စိုင်းဖေသည် ဒူးလေးအား ပခုံးထမ်းလျက် . . .

"အဘဆရာကြီးတို့အတွက် ကျုပ်ကိုယ်တိုင် တောပစ်ထွက်ပြီး အမဲဟင်းကောင်းကောင်း စီစဉ်ပေးချင်လို့ဗျို့၊

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ ကျုပ်ကို မစောင့်ပါနဲ့၊

အဘဆရာကြီးတို့ စားနှင့်ကြပါ''

ဟု ဦးသူတော်နှင့် နှင်းဒေဝီအား ကြည့်၍ပြောလေ၏။

ဦးသူတော်က ...

''ကျုပ်လည်း အိမ်ထဲမှာချည်း နေရတော့

ငြီးငွေ့သလိုတောင် ဖြစ်လာပြီ စိုင်းဖေရေ ...

တောထဲ လိုက်ခဲ့မယ်ကွာ''

ဟု ဆိုမိလျှင် စိုင်းဖေသည် နှင်းဒေဝီကိုကြည့်လျက် ...

''အဘဆရာကြီး လိုက်ရင် နှင်းဒေဝီတစ်

ယောက်တည်း ဖြစ်နေမှာပေါ့''

နှင်းဒေဝီသည် မွေးစားဖခင်ကြီးအား အကြမ်းရည်ငှဲ့ပေး

နေရာမှ ...

''တစ်ယောက်တည်း မဖြစ်ပါဘူး ကိုစိုင်းဖေ

အဘသွားရာနောက် လျှောက်လိုက်ရမှ ဒေဝီ

က ကျေနပ်တာရှင့်၊

ဒေဝီပါ တောပစ်လိုက်ခဲ့မယ်''





ဟု ပြောလိုက်ရာ စိုင်းဖေမှာ မျက်ခုံးမြင့်တက်သွားလေ၏။

''ဟာ ... ဒါတော့ မဖြစ်ဘူး ဒေဝီရ၊

တောနက်သလို သားကောင်ကြီးတွေ ပေါ

တယ်ဗျ၊

အန္တရာယ်ကြီးပါတယ်ဗျာ၊

ဒေဝီ အိမ်မှာပဲ နေခဲ့ပါ''

ဦးသူတော်သည် ဒေဝီ၏ပခုံးကို ဖက်ရင်း ...

''ဟုတ်တယ် မောင်စိုင်းဖေ ...

ကျုပ်သမီးက ကျုပ်သွားရာနောက် လိုက်ရမှ

ကျေနပ်တာကွ၊

မောင်စိုင်းဖေ တားရင်လည်း အပိုပဲဖြစ်လိမ့်

မယ်''

ဟု ပြောလိုက်ရာ စိုင်းဖေမှာ နှင်းဒေဝီအား စိုးရိမ်မှု ယှက်

သန်းသည့် မျက်ဝန်းများဖြင့် ကြည့်လိုက်၏။

''ကျုပ်က ဒေဝီ့အတွက် စိတ်ပူလို့ပါဗျာ၊

ဒေဝီ လိုက်ချင်ရင်လည်း လိုက်ခဲ့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ မဖြစ်တန်ကောင်းပါဘူး''

ထို့နောက်တွင်မူ . . .

စိုင်းဖေနှင့် နှင်းဒေဝီတို့သားအဖသည် တောပစ်ရန်အတွက် ထွက်ခွာခဲ့ကြလေ၏။

✿

နှင်းဒေဝီတို့သားအဖနှင့် စိုင်းဖေသည် အပင်ကြီးများ အုံ့ဆိုင်းနေ၍ ပြင်ပရာသီဥတုထက် သုံးဆမျှပိုအေးသည့် တောအုပ်ကြီး တစ်ခုအတွင်းသို့ တောနင်းဝင်ရောက်ခဲ့လေ၏။

တောပစ်ရန်အတွက် စိုင်းဖေ၏လက်၌ ဒူးလေးတစ်လက် ရှိသလို ဦးသူတော်၏လက်၌ လုံရှည်တစ်ချောင်း ပါရှိလေ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့သည် ...

စကားတပြောပြောနှင့် တောတိုးခဲ့ရာ တောနက်ပိုင်းသို့ပင် ရောက်ရှိလာခဲ့ကြ၏။

သို့သော် ... မည်သည့်သားကောင်ကိုမှ မတွေ့မမြင်ကြရသေး။

အချိန်ကြာမြင့်စွာ လျှောက်ခဲ့ရသော ခြေထောက်များမှာ မသယ်ချင်အောင်ပင် ဖြစ်လာကြ၏။

ထို့ကြောင့် ခရီးတစ်ထောက်နားကြရလေ၏။

"တောဝင်ခဲ့ကြတာလည်း အနက်ပိုင်းထဲ ရောက်နေပြီကွ၊ ခုထိ သားကောင်ကို မမြင်ရသေးဘူး၊

မောင်စိုင်းဖေ ... ဒီတောက သားရဲရော ရှိရဲ့လားကွဲ့"

ဦးသူတော်၏အမေးကြောင့် စိုင်းဖေသည် ဝါးဆစ်ရေဘူးကို လှမ်းပေးလျက် ...

"သိပ်ရှိတာပေါ့ အဘဆရာကြီးရဲ့၊





ကျုပ်တို့ ဒေသမှာ ဒီတောကိုပဲ အမှီပြုပြီး ဝမ်းစာရှာနေကြတာဗျ။

ဒါပေမဲ့ ... အခု ကျုပ်တို့ သားကောင်မတွေ့တာ သိပ်ထူးဆန်းနေတယ်၊ ဘာကြောင့်လဲတော့ မသိဘူး"

ဟု ပြောလိုက်၏။

နှင်းဒေဝီသည် ပတ်ဝန်းကျင်အား မျက်လုံးဝေ့ဝိုက်ကြည့်မိရင်း ...

"ဒေဝီ့အာရုံထဲမှာတော့ ... ဒီနေရာဟာ မကောင်းတဲ့ဓာတ်တွေ ကြီးစိုးနေသလို ခံစားနေရတယ်၊

ဒီနေရာဟာ တစ်ချိန်က တစ်ခုခုဖြစ်ခဲ့သလိုပဲ အဘ"

ဟု ပြောလိုက်ရာ စိုင်းဖေမှာ မျက်နှာညှိုးကျသွားလေ၏။

သူသည် သက်ပြင်းရှိုက်လျက် ...

"ဟုတ်ပါတယ် ဒေဝီ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုး ... ရှင်ဘုရင်ခေတ်လောက်တုန်းက ဒီနေရာမှာ ရှမ်းစစ်သည်တွေ အများအပြား သေကျေပျက်စီးခဲ့ကြဖူးပါတယ်၊

မြန်မာဘုရင်ဆီကနေ စစ်ကြောင်းပြန်ဆုတ်လာတဲ့ ရှမ်းစစ်သည်တွေဟာ ဒီနေရာမှာ ကပ်ရောဂါတစ်ခုကြောင့် သေကျေခဲ့ကြတယ်လို့ ကျုပ်တို့ ဘိုးဘွားတွေ လက်ထက်တည်းက အစဉ်အဆက် ပြောခဲ့ကြတယ်၊

ကျုပ်တို့ အခုနားနေတဲ့ ဒီနေရာဟာ မြေကြမ်းသလို မကြာခဏ ဒီနေရာမှာ သူ့အလိုလို သေကျေနေတဲ့ တိရစ္ဆာန်ကြီးတွေကိုလည်း တွေ့ရတတ်တယ်''

စိုင်းဖေ၏စကားဆုံးလျှင် ဦးသူတော်သည် တစ်စုံတစ်ခုအား နားစွင့်လျက် ...

''နားထောင်ကြည့်စမ်း မောင်စိုင်းဖေ ...
ရေကျသံလို အသံတွေ ကြားနေရတယ်ကွ''





ဟု ပြောလေ၏။

နှင်းဒေဝီနှင့်စိုင်းဖေသည် မည်သည့်စကားမှ မဆိုဘဲ တိတ်တဆိတ် နားစွင့်လိုက်မိ၏။

ထိုအခါ ရေကျသံလိုအသံမျိုးကို သဲ့သဲ့မျှ ကြားလိုက်ရလေ၏။

စိုင်းဖေသည် မျက်မှောင်ကြုတ် စဉ်းစားဟန်ပြုရင်း ...

''ဒီတောထဲမှာ တောကျရေတွေ စီးဆင်းတဲ့ ချောင်းငယ်တစ်ခုရှိတယ်လို့ ကျုပ် ကြားဖူးတယ်၊

ဒါပေမဲ့ ကျုပ် သားကောင်ပစ်ခဲ့တဲ့ သက်တမ်းတစ်လျှောက် တစ်ခါမှ အဲဒီချောင်းဘက် မရောက်ခဲ့ဖူးဘူး၊

အဘဆရာကြီးတို့နဲ့ လာမှပဲ အထူးအဆန်းတွေ ကြုံနေရတယ်ဗျ''

ဟု ဆိုလေ၏။

ဦးသူတော်သည် ဆေးပြင်းလိပ်အား ပါးစောင်၌ခဲလျက် ထိုင်နေရာမှ ထရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ တောင်ကျချောင်းကို ရှာကြစို့ မောင်စိုင်းဖေ"

ဟု ပြောလိုက်ရာ စိုင်းဖေနှင့် နှင်းဒေဝီသည်လည်း ထိုင်ရာမှ ထလိုက်ကြရ၏။

✵

သုံးယောက်သား သတိကြီးစွာထား၍ ရေကျသံကို နားစွင့်ရင်း တောင်ကျချောင်းကို ရှာဖွေမိကြ၏။

သုံးနာရီနီးပါးမျှ ထပ်သွားမိလျှင် စိုင်းဖေသည် မြေပြင်ရှိ ခြေရာများကို သတိပြုမိသွားလေ၏။

"ဒါ ... ဒါ ... တောဝက်ရဲ့ခြေရာပဲ အဘ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၊ ကြည့်ရတာ တစ်ကောင်ထက် မကာဘူး

ဗျ''

''ဒါဆို ကျုပ်တို့ တောဝင်ရကျိုးနပ်ပြီပေါ့

မောင်စိုင်းဖေ

ကဲ ... အချိန်ကလည်း ညနေဘက်တောင်

ရောက်လုနေပြီ၊

အချိန်ရှိတုန်းလေး တောဝက်ရှာကြရအောင်

ဟေ့''

ဦးသူတော်၏ဆော်သြသံကြောင့် စိုင်းဖေမှာ နှင်းဒေဝီအား

ငဲ့စောင်းကြည့်မိရင်း ...

''ကျုပ်ဆန္ဒကတော့ ဒေဝီ့ကို ဒီနေရာမှာပဲ

စောင့်နေစေချင်တယ်၊

တောဝက်ဆိုတဲ့ သားကောင်ဟာ ... လူကို

မထင်ရင် မထင်သလို ရန်မူတတ်တယ် ဒေဝီ''

ဟု ပြောလိုက်ရာ ဦးသူတော်ကပါ ...

''ဟုတ်တယ် သမီး ...





ငါ့သမီး ဒီမှာစောင့်နေတာ အကောင်းဆုံးပဲ

ကွဲ့''

ဟု ဆိုလေ၏။

နှင်းဒေဝီသည် ဦးသူတော်တို့အား ကြည့်လျက် ခေါင်းညိတ်

လိုက်ပြီး ...

''ဟုတ်ကဲ့ပါ အဘ ...

ဒေဝီ ဒီနေရာကပဲ စောင့်နေပါ့မယ်''

ဟု ဖြေလိုက်လေ၏။

ထို့နောက်တွင်မူ ...

ဦးသူတော်နှင့် စိုင်းဖေတို့သည် သူမအား ကျောခိုင်းကာ

ထွက်ခွာသွားကြလေတော့၏။

နှင်းဒေဝီသည် ထင်းရှူးပင်ကြီးတစ်ပင်၏ခြေရင်း၌ ခြေပစ်

လက်ပစ် ထိုင်ချလျက် အနားယူလိုက်လေ၏။

၎င်းတို့ထွက်သွားပြီး နာရီဝက်မျှကြာလျှင် ပင်ပန်းသည့်အရှိန်

ကြောင့် သူမ ငိုက်မျဉ်းသလို ဖြစ်လာ၏။

သူမသည် ထင်းရှူးပင်အား ကျောမှီလျက် မေးခနဲ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



သွားမိလေ၏။

သူမ . . . မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

"ဒေဝီ . . . ဒေဝီ . . .

ဒေဝီ . . . ဒေဝီ . . .

ဒေဝီ . . . ဒေဝီ"

နားထဲ အဆက်မပြတ် ကြားလိုက်ရသော အသံကြောင့် ဆတ်ခနဲ လန့်သွားမိ၏။

"ငါ့နာမည် ခေါ်နေပါလား၊

အဘ . . . အဘတို့ ဘာများဖြစ်လို့လဲ၊

ဘုရား . . . ဘုရား . . .

ငါ လိုက်သွားမှပဲ၊

ဘုရားမ,လို့ အဘ ဘာမှမဖြစ်ပါစေနဲ့"

ထိတ်လန့်မိသော အတွေးစိတ်နှင့်အတူ သူမသည် ထင်းရှူးပင်ကြီးအောက်မှ ထွက်ခဲ့မိ၏။

ထိုအချိန် . . .

ဦးသူတော်တို့မှာ တောင်ကျရေစီးဆင်းနေသော ချောင်းငယ်





လေးအနီးသို့ ရောက်ရှိနေပြီ ဖြစ်၏။

၎င်းတို့သည် ချောင်းနံဘေး၌ စားကျက်ရှာနေသော တောဝက်ကောင်အား ချောင်းမြောင်းလျက် ပစ်ကွင်းကောင်းကို စောင့်ဆိုင်းနေကြ၏။

အကွက်ကောင်းမိသည်ဟု ယူဆမိသည်နှင့် တစ်ပြိုင်နက် စိုင်းဖေ၏ဒူးလေးမှ မြားတံသည် တစ်ရှိန်ထိုး ပြေးထွက်သွားသလို ဦးသူတော်လက်မှ လှံသည်လည်း လေထဲ ဝဲပျံသွားလေတော့၏။

တောဝက်ကြီးမှာ အချိန်ပင်မရလိုက်ဘဲ မြေပေါ် တုံးခနဲ ပစ်လဲကျသွားလေ၏။

ဦးသူတော်နှင့် စိုင်းဖေတို့မှာ အောင်မြင်သူတို့နှယ် တစ်ဦးနှင့်တစ်ဦး ပြုံးပြုံးကြီး ပြိုင်တူကြည့်လိုက်မိ၏။

ထို့နောက် ၎င်းတို့သည် တောဝက်ရှိရာ ချဉ်းကပ်သွားကြ၏။

ဦးသူတော်သည် တောဝက်ကြီး၏ ဝမ်းဗိုက်နေရာ၌ ထုတ်ချင်းပေါက် စိုက်ဝင်နေသည့် လှံတံအား ဆွဲနှုတ်လိုက်၏။

ထိုအခိုက်မှာပင် . . .

www.burmeseclassic.com



'အား' ခနဲ ငယ်သံပါအောင် အော်ဟစ်လိုက်သည့်အသံအား ပွဲတင်ထပ်သလို အသံကြီးနှင့်အတူ သဲ့သဲ့မျှ ကြားလိုက်ရ၏။

အသံကြားလျှင် နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်မိလျက် ရင်ထဲ ဗလောင်ဆူသွား၏။

✹

''နှင်း ... နှင်းဒေဝီ ... နှင်းဒေဝီ''

စိုင်းဇေ၏ အထိတ်တလန့်ရေရွတ်သံနှင့်အတူ တောဝက် ကိုပင် ဂရုမစိုက်တော့ဘဲ နောက်ကြောင်းသို့ လှည့်ပြေးခဲ့ကြလေ၏။

နှင်းဒေဝီအား ထားရစ်ခဲ့သော ထင်းရှူးပင်ကြီးအောက် အရောက်တွင်မှ ...

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ပိုမိုထိတ်လန့်သွားကြပြီး ...

"ဟင် ... ငါ့သမီးလေး၊ ငါ့သမီး မရှိတော့ဘူး၊

ဘယ် .. ဘယ်လိုလုပ်ကြမလဲ မောင်စိုင်းဖေ"

ဟု ဦးသူတော်မှ မျက်နှာအကြီးအကျယ်ပျက်ကာ ရေရွတ်လိုက်၏။

စိုင်းဖေမှာ သွေးရူးသွေးတန်းအမူအရာဖြင့် ထိုနေရာအနှံ့ လှည့်ပတ်ရှာရင်း ...

"နှင်းဒေဝီ ... နှင်းဒေဝီ"

ဟု အသံကုန် အော်ဟစ်ခေါ်လိုက်၏။

ထိုအခိုက်မှာပင် ...

"အဘ ... အဘရေ ...

အဘ ... အဘ ... အဘ"

ဟူသော အသံအား ကြားလိုက်ရာ စိုင်းဖေမှာ အသံလာရာအား နားစွင့်လျက် ထိုနေရာသို့ အသည်းအသန် ပြေးလွှားသွား၏။





ဦးသူတော်သည်လည်း ၎င်းနောက်သို့ အလျင်အမြန် ပြေးလိုက်ခဲ့လေ၏။

ထိုအချိန် ...

တောအုပ်ကြီးတစ်ခုလုံး နေရောင်သဲ့သဲ့မျှသာရသော နေဝင်ရီတရောအချိန်သို့ ရောက်ရှိနေပြီဖြစ်၏။

"နှင်းဒေဝီ ... နှင်းဒေဝီ

မင်း ဘယ်မှာလဲ ... ဘယ်မှာလဲ"

စိုင်းဖေ၏ စိုးရိမ်တကြီးအော်ဟစ်သံက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွား၏။

"ကို ... ကိုစိုင်းဖေ ... ကယ် ... ကယ်ပါဦးရှင့် ... ဒီဘက်မှာ ... ဒီမှာ"

အသံကြောင့် ဦးသူတော်နှင့်စိုင်းဖေသည် ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရင်း တစ်နေရာသို့ အကြည့်ရောက်သွား၏။

မြင်လိုက်ရသောမြင်ကွင်းကြောင့် ၎င်းတို့မှာ အသက်ရှူရပ်မတတ် ထိတ်လန့်သွားကြ၏။

နှင်းဒေဝီသည်ကား လက်တစ်ဖက်စာမျှရှိသော စပါးကြီးမြွေ



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏မျိုခြင်း ခံနေရရှာ၏။

"ဟာ ... ငါ့သမီးကို မြွေမျိုနေပြီ၊

မြွေမျိုနေပါလား၊

ဘယ်လိုလုပ်ကြမလဲ ... ဘာလုပ်ကြမလဲ"

ဦးသူတော်၏ သွေးရူးသွေးတန်းဖြစ်နေသော အမူအရာကြောင့် စိုင်းဖေမှာ လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်လျက် ...

"အဘ ... အဘ စိတ်ကို ငြိမ်အောင်ထား

ပြီး မြွေရဲ့အလယ်ကောင်တည့်တည့်ကို လှံနဲ့

ပစ်လိုက် ... ပစ်လိုက်"

ဟု နိုင်းစေ၏။

စပါးကြီးမြွေကြီးမှာ နှင်းဒေဝီအား ခြေထောက်မှစ၍ မျိုထားရာ ဒူးခေါင်းပိုင်းနေရာအထိပင် ရောက်ရှိနေပြီဖြစ်၏။

ဦးသူတော်သည် လှံတံကို ချိန်ဆလျက် မြွေကြီး၏ဝမ်းဗိုက်ဆီသို့ ပစ်လွှင့်လိုက်၏။

လှံတံသည် မြွေကြီး၏ဝမ်းဗိုက်အား ထုတ်ချင်းပေါက် စိုက်ဝင်သွားသဖြင့် မြွေမှာ အမြီးလူးလွှင့်လျက် ရှိနေ၏။





စိုင်းဖေသည် မြွေကြီးရှိရာ ချဉ်းကပ်သွားပြီး ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။

ထို့နောက် မြွေကြီး၏ပါးစပ်ဘေး တစ်ဖက်တစ်ချက်စီမှ စ၍ ဓားဦးဖြင့် ဆွဲချလိုက်၏။

မြွေမျိုခြင်းခံနေရသော နှင်းဒေဝီမှာ ထိုအဖြစ်ကြောင့် အကြီးအကျယ်ထိတ်လန့်လျက် မေ့မြောသွားလေ၏။

ဦးသူတော်သည် နှင်းဒေဝီအား ရှိသမျှအားကုန်သုံးကာ ဆွဲထုတ်လိုက်လေ၏။

နှင်းဒေဝီတစ်ယောက် ကံကောင်းထောက်မစွာဖြင့် အပြင်သို့ ရောက်သွား၏။

စိုင်းဖေသည် မြွေကြီး၏ ဝမ်းဗိုက်အား ဓားဖြင့် ခွဲမိသော အခါ ...

"ဟာ ... အဘဆရာကြီး ... ဒီ ... ဒီမှာ

ကျောက်တုံးကြီး ကျောက်တုံးကြီး"

စိုင်းဖေ၏အသံကြောင့် ဦးသူတော်မှာ ထိုနေရာသို့ လျှောက်သွားပြီး ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီး၏ဝမ်းဗိုက်တွင်းမှ ကျောက်တုံးအား ဓားဖြင့်ကလော်၍ ကြည့်လိုက်ရာ . . .

"ဟင် . . . ဒါ . . . ဒါ . . . စိန်တုံးကြီးပဲ၊

စိန်တုံးကြီး . . . မောင်စိုင်းဖေရေ"

ဟု တအံ့တသြ ရေရွတ်လိုက်၏။

✹

စိုင်းဖေသည် နှင်းဒေဝီအားပွေ့ချီ၍ ရွာသို့ ပြန်ခေါ်ခဲ့ရ၏။

နှင်းဒေဝီမှာ အကြောက်လွန်ကာ အဖျားကြီး ဖျားလေတော့၏။

ထို့ကြောင့် ဆေးဝါးများတိုက်ကျွေးကာ ခြံစောင်များ အထပ်ထပ် ခြုံပေးထားရလေ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော်သည် နှင်းဒေဝီအတွက် စိတ်အေးရပြီဖြစ်သောကြောင့် ဆေးတံဖွာရှိုက်လျက် စိန်တုံးကြီးကို တစိမ့်စိမ့် ကြည့်ရှုနေမိ၏။

စိုင်းဖေသည် ဦးသူတော်၏အနီး၌ ခြေပစ်လက်ပစ်ထိုင်ချလျက် ...

"အဆိုးထဲက အကောင်းလို့ပဲ တွေးရမှာပေါ့ဗျာ၊

နှင်းဒေဝီ မြွေမျိုခံရပေမယ့် အဖိုးထိုက်တန်တဲ့ စိန်တုံးကြီးရခဲ့တာ အမြတ်ပဲပေါ့ အဘ ဆရာကြီးရယ်၊

မြွေကြီးရဲ့ဗိုက်ထဲ ဘယ်လိုလုပ်ပြီး စိန်တုံးရောက်နေသလဲဆိုတာ တွေးရခက်တယ်"

ဟု ပြောလိုက်ရာ ဦးသူတော်က ...

"ကျုပ်အထင်ပြောရရင်တော့ ဒီစိန်တုံးကြီးဟာ မြွေမျိုခံရသူတစ်ယောက်ရဲ့ ပစ္စည်းပဲ ဖြစ်ရမယ် မောင်စိုင်းဖေ၊





ဟောဒီစိန်တုံးဟာ ကျုပ်တို့သားအဖနဲ့ မသက်ဆိုင်ပါဘူး၊

မောင်စိုင်းဖေက စပြီး စိန်တုံးကြီးကို တွေ့ခဲ့တာ မဟုတ်လားကွဲ့၊

ဒါကြောင့် မောင်စိုင်းဖေနဲ့သာ သက်ဆိုင်ပါတယ်"

ဟု ဆိုလိုက်၏။

"ကျုပ်လို တောင်ပေါ်သားတစ်ယောက်ဟာ တောင်ယာကိုပဲ မက်မောတွယ်တာ,တာပါ အဘ ဆရာကြီး၊

ကျုပ်အတွက် ငွေတွေ, စိန်တွေ မလိုအပ်ပါဘူး၊

နှင်းဒေဝီဟာ ယဉ်ရှယ်နုနယ်တဲ့ မိန်းမပျိုလေးတစ်ဦးပါ၊

အဘဆရာကြီးနဲ့အတူ ခြေသလုံးအိမ်တိုင် လှည့်လည်နေတဲ့ဘဝကို ဆရာကြီး ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



သင့်နေပါပြီ၊

သူ့အတွက် မသင့်တော်လှဘူး အဘဆရာကြီး၊

ဒါကြောင့် . . . စိန်တုံးကို ထုခွဲရောင်းချပြီး အဘဆရာကြီးတို့သားအဖ အတည်တကျ နေထိုင်ကြပါ၊

ဒါကိုပဲ . . . ကျုပ် တောင်းဆိုချင်ပါတယ် အဘဆရာကြီးရယ်''

စိုင်းဖေ၏စကားကြောင့် ဦးသူတော်မှာ သက်ပြင်းချမိလေ၏။

''မောင်စိုင်းဖေ . . .

လူလေးရဲ့စိတ်ဓာတ်ကို ကျုပ် လေးစားမိပါတယ်၊

လူလေးရဲ့ဆန္ဒအတိုင်း စိန်ကြီးကို ထုခွဲရောင်းချပြီး နှင်းဒေဝီရဲ့ရှေ့ရေးအတွက် ကျုပ် စီစဉ်ပေးပါ့မယ်ကွယ်၊

ရွှေမင်းသမီးစာပေ



နှမသားချင်း စာနာတတ်တဲ့ လူလေးရဲ့စိတ်ဓာတ်ကို ကျုပ် မှတ်မှတ်ရရ ရှိနေပါ့မယ်''

✹

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ...

ဦးသူတော်နှင့် နှင်းဒေဝီတို့သည် စိန်တုံးကြီးအား ထုခွဲရောင်းချပြီးနောက် ရန်ကုန်မြို့၌ပင် အတည်တကျ နေထိုင်ခဲ့ကြလေ၏။

ဦးသူတော်မှာ သူ တစ်သက်လုံး လေ့လာလိုက်စားခဲ့သည့် ပယောဂကုပညာရပ်အား မစွန့်လွှတ်နိုင်သဖြင့် ခြံဝ၌ 'ပယောဂဆရာ

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဦးသူတော်' ဟူသော ဘုတ်ပြားချိတ်ဆွဲကာ လာရောက်ပင့်ဆောင်သူများရှိလျှင် လိုက်လံကုသပေးလေ့ရှိ၏။

နှင်းဒေဝီသည်လည်း အတည်တကျဖြစ်သွားသည့် ဘဝအခြေအနေကြောင့် အကျေနပ်ကြီး ကျေနပ်နေမိ၏။

သူမသည် လသာသောညများ၌ အိမ်ကြီး၏အပေါ်ထပ် ဝရန်တာသို့ထွက်ကာ ထိန်ထိန်သာနေသည့် လမင်းကြီးကို ငေးကြည့်နေတတ်၏။

သူမ၏ မျက်လုံးအိမ်၌မူ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလျက် . . .

"ငါ့ဘဝရဲ့ အပြောင်းအလဲတွေဟာ မယုံနိုင်လောက်အောင် ပြောင်းလဲခဲ့ပါလား၊

မင်းကြီးရဲ့ တစ်ဦးတည်းသော သမီးဖြစ်လျက်နဲ့ ခြေသလုံးအိမ်တိုင်ဘဝနဲ့ အရပ်တကာလှည့်ခဲ့ရတယ်၊

နေရာဒေသမရွေး လမ်းဘေး ခေါင်းထိုးအိပ်ခဲ့ရတဲ့အဖြစ်တွေ ရှိခဲ့သလို၊ မွေးစားဖခင်ကြီးရဲ့





လက်ထဲမှာ အမိမဲ့ဘဝနဲ့ ကြီးပြင်းခဲ့ရတယ်၊

ဒါတွေအားလုံးဟာ . . . အိုင်းရစ်မေဆိုတဲ့ မိန်းမယုတ်ကြောင့်ပဲ၊

ခင်းဟာ သူတစ်ပါးအိမ်ထောင်ရေးကို ဖျက်ဆီးအောင် ဖျက်ခဲ့တဲ့ မိန်းမ၊

အိုင်းရစ်မေ . . . နင့်ကို ငါ သိစ်မုန်းတယ်"

ဟု နာကြည်းမှုပြည့်လျှမ်းနေသည့် မျက်လုံးများဖြင့် ကြွေးကြော်တတ်လေ၏။

တစ်ခုသော နေ့လယ်ခင်း၌ . . .

နှင်းဒေဝီမှာ ဦးသူတော် အိမ်တွင်မရှိသောကြောင့် ခြံထဲသို့ဆင်းကာ ပန်းပင်များကို ကြည့်ရှုနေလေ၏။

ထိုအခိုက်မှာပင် ခြံဝမှ ခေါင်းလောင်းကြိုးဆွဲသံ ကြားရလေ၏။

သူမ ခြံတံခါးအနီး လျှောက်သွားပြီး ကြည့်လိုက်ရာ မျက်နှာနွမ်းဖပ်ဖပ်ဟန်ဖြင့် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရလေ၏။

"ဆရာကြီးဦးသူတော်နဲ့ တွေ့ချင်လို့ပါရှင်၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ရှိတယ်မဟုတ်လား မိန်းကလေး''

အမျိုးသမီးကြီး၏အမေးကြောင့် နှင်းဒေဝီမှာ ခေါင်းခါယမ်းရင်း ...

''အဘ အပြင်ထွက်သွားပါတယ်ရှင်၊

အဒေါ်က ဘာကိစ္စများ ရှိလို့ပါလဲရှင်''

ဟု ပြန်မေးမိ၏။

အမျိုးသမီးကြီးမှာ မျက်နှာညှိုးကျသွားပြီး ...

''အဒေါ့်နာမည်က ဒေါ်တင့်တင့်ပါကွယ်၊

လူမှုရေးကိစ္စလေးတစ်ခုရှိလို့ ဆရာကြီးဆီကို အားကိုးတကြီး လာခဲ့ရတာပါ''

ဟု ပြောလျှင် သူမသည် ခြံတံခါး ဖွင့်ပေးလျက် ...

''ဒါဆို ... အိမ်ပေါ်မှာထိုင်ပြီး စောင့်လို့ရပါတယ်ရှင့်၊

အဘ ခဏနေရင် ပြန်လာမှာပါ''

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးသည် အိမ်ပေါ်သို့ရောက်လျှင် ဘုရားစင်အာ၊





ဦးချကန်တော့လေ၏။

နှင်းဒေဝီမှာ ရေနွေးကြမ်းဖြင့် ဧည့်ခံရင်း ...

''အဒေါ်ရဲ့ လူမှုရေးကိစ္စဆိုတာ ဘာများလဲရှင့်၊

ကျွန်မက ဦးသုတော်ရဲ့သမီးပါ၊

တချို့သော ပယောဂကုရမယ့်ကိစ္စတွေဆို ကျွန်မနဲ့တင် ပြီးပါတယ်ရှင်''

ဟု ပြောလိုက်ရာ ဒေါ်တင့်တင့်မှာ ခေါင်းအသာခါယမ်းလျက် ...

''အဒေါ် အခုလာရတဲ့အကြောင်းက ပယောဂကုဖို့ မဟုတ်ပါဘူးကွယ်''

ဟု ပြောလိုက်လျှင် သူမ အံ့အားသင့်သွားပြီး ...

''ရှင် ... ကျွန်မတို့က ပယောဂကိုပဲ နိုင်နင်းအောင် ကုသပေးပါတယ်ရှင်၊

တခြားရောဂါဆိုရင်တော့ ဗိန္ဓောဆရာနဲ့သာ အပ်စပ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောလိုက်မိ၏။

''အဒေါ်က ဟောဒီလမ်းထိပ်က ခြံမှာ နေပါတယ်ကွယ်၊

အဒေါ့်ရင်ထဲမှာ အရမ်းကို ပူလောင်နေရပါတယ်၊

ဆရာမလေးတို့ ပယောဂပဲ ကုတယ်ဆိုတာ အဒေါ် သိပါတယ်၊

ဒါပေမဲ့ ... ရင်ထဲမှာ မခံမရပ်ဖြစ်လွန်းလို့ အားကိုးရာဆရာအနေနဲ့ တိုင်ပင်ချင်လို့ လာခဲ့တာပါကွယ်၊

တချို့ အစွဲချွတ်ဆရာတွေဟာ အဆောင်, ယတြာတွေဘက်မှာ စွမ်းကြတယ် မဟုတ်လားကွယ်''

အမျိုးသမီးကြီး၏အပြောကြောင့် သူမ စိတ်ဝင်တစား ဖြစ်သွားပြီး ...

''နေပါဦး အဒေါ်ရဲ့ ...

ရွှေမင်းသမီးစာပေ



အဒေါ့်ရင်ထဲမှာ ဘာတွေပူလောင်နေလို့ ကျွန်မတို့ဆီ ရောက်လာရတာလဲ၊

ကျွန်မတို့ဟာ ပယောဂကိုပဲ ကုသတဲ့လူတွေဆိုတာ သိလျက်နဲ့ အဒေါ် သိပ်ခံစားနေရရင်တော့ ယုံကြည်ရင် ကျွန်မကို ရင်ဖွင့်နိုင်ပါတယ်ရှင်''

ဟု လမ်းခင်းပေးမိလေ၏။

ဒေါ်တင့်တင့်ဆိုသော အမျိုးသမီးကြီးမှာ ဝမ်းပန်းတနည်းဟန်ဖြင့် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလျက် စတင်ရင်ဖွင့်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ညသည် တိတ်ဆိတ်လျက် ရှိနေ၏။

ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်ထဲရှိ အိမ်လေးတစ်လုံးသည် မီးရောင်မှိန်မှိန်လေး လင်းလက်နေ၏။

အိမ်လေး၏အတွင်း၌မူ အပေါ်ပိုင်းဗလာကျင်းလျက် ရှိနေသော လူဝကြီးတစ်ဦးသည် အကျီအား ဆွဲယူဝတ်လျက် . . .

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . . ဟဲ . . . ဟဲ . . .

မြလေးနဲ့ ပျော်ရတာ အားမရဘူးကွာ၊

အိမ်ပြန်ရမယ့် အစ်ကိုကြီးရဲ့ ခြေထောက်တွေ

က ခဲဆွဲထားသလို လေးနေတယ်ကွ၊

အစ်ကိုကြီးလေ မြလေးကို သိပ်ချစ်တာပဲ"

ဟု ဆို၍ အိပ်ရာထက် တစောင်းလှဲနေသော မိန်းမပျို၏ ပါးကို ဆွဲလိမ်လိုက်၏။

မိန်းမပျိုမှာ ကပိုကယိုဟန်ဖြင့် လူးလဲထရင်း လူဝကြီး၏ ခါးကို ဆွဲဖက်လိုက်၏။

"ဟွန်းနော် . . .

သူများပြောမယ့်စကားကို ဦးအောင်ပြောသွား တယ်၊

အစ်ကိုကြီး ကျောခိုင်းသွားတာနဲ့ ဒီက မြလေး က ပူဆွေးသောကတွေ စိုးရိမ်စိတ်တွေနဲ့ ကျန်ခဲ့ရ သူပါနော်၊

အစ်ကိုကြီး ဆောင်ကော်ကူးလာမယ့်ရက်ကို





ရင်မောစွာနဲ့ လက်ချိုးရေရင်း စောင့်နေရတဲ့သူပါ ရှင်"

လူဝကြီးသည် မိန်းမပျိုလေး၏နဖူးအား ရွှတ်ခနဲ နမ်းရှုပ် ရင်း . . .

"မကြာခင် ဆောင်တော်ကူးရတဲ့အဖြစ်က ကျွတ်တော့မှာပါ မြလေးရယ်၊

ဟိုဗိုင်းနာမကြီးကို ကွာရှင်းပြီး မြလေးရင်ခွင် ထဲ ပြေးလာဖို့ အစ်ကိုကြီး စီစဉ်နေပါတယ်ကွယ်၊

မြလေး ဘာမှ စိတ်မကောင်းမဖြစ်နဲ့ . . . ဟုတ် လား၊

ခုတော့ . . . အစ်ကိုကြီး ပြန်ဦးမယ်ကွဲ့"

ဟု ဆိုလိုက်ရာ မြလေးမှာ ထိုင်ရာမှထ၍ အိမ်ပေါက်ဝသို့ လိုက်ပို့ပေးလေ၏။

လူဝကြီးသည် သူမအား လက်ပြနှုတ်ဆက်ကာ မှောင်ရိပ် ထဲသို့ လျှောက်သွားလေတော့၏။

မြလေးသည် အိမ်တံခါးအားပိတ်ပြီးနောက် အိပ်ခန်းထက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်ခဲ့၏။

အိုက်စပ်ပူလောင်နေသော ရာသီဥတုဒဏ်ကြောင့် ရေချိုး ရန် ပြင်လိုက်၏။

သူမသည် နောက်ဖေးပေါက်မှထွက်၍ ရေကန်ရှိရာ ဆင်း ခဲ့၏။

ရေအပြည့်ဖြည့်ထားသည့် ကန်ထဲမှရေကို ခပ်၍ အားပါးတရ လောင်းချိုးလိုက်လေ၏။

ထိုအခိုက်မှာပင် ...

လရောင်၏အလင်းရောင်အောက် ရေကန်နံဘေးသို့ အရိပ် တစ်ခု ထင်ဟပ်လာ၏။

ကုတ်အင်္ကျီအရှည် ဝတ်ထား၍ ဦးထုပ်ဆောင်းထားသော ယောက်ျားတစ်ယောက်၏အရိပ်။

သူမ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်မိ၏။

"ရှင် ... ရှင် ဘယ်သူလဲ၊

ဘာလို့ ကျွန်မခြံထဲ ရောက်နေရတာလဲ"

ထိုလူစိမ်းသည် ...





မြလေးရှိရာသို့ တရွေ့ရွေ့ လျှောက်လှမ်းလာနေ၏။

မြလေးမှာ ...

ထိတ်လန့်တကြီးဟန်ဖြင့် နောက်သို့ဆုတ်မိရာ ရေကန်ပေါင် ပေါ်တင်ထားသည့် ရေခွက်မှာ တံတောင်ဖြင့်တိုက်မိရင်း လွတ်ကျသွား ၏။

"ဟား ... ဟား ... ဟား ...

သိပ်ကြောက်နေသလား၊

ကျောက်ပွဲစား ဦးမောင်လေးနဲ့ ပတ်သက် တုန်းကရော အခုလို ကြောက်လန့်မှုမျိုး မခံစားခဲ့ရ ဘူး မဟုတ်လား၊

နင်ဟာ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တဲ့မိန်းမ၊

သူတစ်ပါးလင်ကို ပစ်မှားတဲ့မိန်းမ၊

ဒီလိုမိန်းမယုတ်တွေ ရှိနေသရွေ့ ကမ္ဘာလော ကကြီးဟာ အကျည်းတန်လွန်းတယ် ... ဟား ဟား ဟား ဟား"

လူစိမ်းသည် ထိုသို့ ကြုံးဝါးလျက် သူမအနီးသို့ ပိုမိုတိုးကပ်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။

"ရှင် ... ရှင် ... ဘာတွေပြောနေတာလဲ၊

ရှင်နဲ့ ဘာဆိုင်လို့လဲ၊

ကျွန်မ ... ကျွန်မ အော်လိုက်မှာနော်၊

ကယ်ကြပါဦးရှင်"

မြလေး၏အသံကြောင့် ထိုလူ၏လက်မှာ မြှောက်တက်သွားပြီး သူမ၏ဆံပင်အား ဆုပ်ကိုင်လာ၏။

သူမ၏ဆံပင်အား ဆောင့်ဆွဲကာ ရေကန်ထဲသို့ ခေါင်းနှစ်လျက် ...

"လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တဲ့ဟာမ ...

မိန်းမယုတ်မ ... မိန်းမပျက်မ၊

သေ ... သေစမ်း၊ သေစမ်းဟေ့ ... နင့်လို

မိန်းမယုတ်အတွက် ငရဲဟာ စောင့်ကြိုနေတယ်၊

သေလိုက်စမ်း ... ဟား ဟား ဟား ဟား"



ဦးသူတော်တစ်ယောက် ...

သာသနာပွဲထိုးရန်အတွက် ပွဲပြင်နေရာမှ ခေါင်းထဲ မိုက်ခနဲခံစားလိုက်ရ၏။

ထို့ကြောင့် အိမ်တိုင်အား လက်လှမ်းထောက်ရင်း ...

"သမီး ... ဒေဇီ ... ဒေဇီ ...



www.burmeseclassic.com

www.burmeseclassic.com



လာ . . . လာပါဦးကွယ်''

ဟု ခေါ်လိုက်မိ၏။

ဦးသူတော်၏အသံကြောင့် ဒေဝီတစ်ယောက် အိမ်ခန်းအား တံမြက်စည်းလှည်းနေရာမှ ပြေးလာပြီး . . .

''အို . . . အဘ . . . အဘ

ဘာဖြစ်တာလဲ''

ဟု စိုးရိမ်တကြီး ရေရွတ်လိုက်၏။

ဦးသူတော်မှာ ဦးခေါင်းကို လက်ဖြင့်ဖိနှိပ်ရင်း . . .

''အဘ . . . ခေါင်းထဲ တအားမူးသွားတယ်၊

သမီး . . . အဘကိုတွဲပြီး အိပ်ရာပေါ်ပို့ပေး၊

အဘ နားနေမှဖြစ်မယ်''

ဟု ပြောသဖြင့် သူမသည် ဖခင်ကြီးအား ကူတွဲလျက် အိပ်ခန်းသို့ ပို့ပေးလိုက်၏။

ဦးသူတော်အား အိပ်ရာထက် လှဲစေပြီးနောက် . . .

''ရရဲ့လား အဘ . . .

ဒေဝီ သံပရာရည် ဖျော်ပေးရမလားဟင်၊





အို . . . သံပုရာရည်လောက်နဲ့ မရသေးပါဘူး၊

ဒေဝီ ဆရာဝန် သွားပင့်လိုက်မယ်၊

အဘ လှဲနေပါနော်''

နှင်းဒေဝီသည် ဖခင်ကြီးအတွက် စိုးရိမ်စိတ်နှင့်အတူ အပြေး တစ်ပိုင်း ထွက်သွားမိလေ၏။

သူမ လမ်းထိပ်ရှိ ကုလားဆရာဝန်ကြီးအား ပင့်ပြီး ပြန်လာ ချိန်တွင်မူ . . .

ကုလားဆရာဝန်ကြီးသည် ဦးသူတော်အား စမ်းသပ်ပြီး နောက် . . .

''သူ အသက်မရှိတော့ဘူး မိန်းကလေး . . .

ဆုံးရှာပြီ''

ဟု ရေရွတ်လိုက်၏။

နှင်းဒေဝီမှာ မယုံနိုင်ဟန်ဖြင့် ခေါင်းခါယမ်းမိလျက် . . .

''မဖြစ်နိုင်ဘူး . . . မဖြစ်နိုင်ပါဘူး ဆရာကြီး၊

ကျွန်မအဖေမှာ သေလောက်တဲ့ဝေဒနာ မရှိ

ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမူးတယ်ဆိုလို့ ဆရာကြီးကို ပင့်ရတာပါ

ရှင် ... မဖြစ်နိုင်ဘူး''

ဟု သွေးရူးသွေးတန်း ရေရွတ်မိ၏။

ကုလားဆရာဝန်ကြီးမှာ စိတ်မသက်မသာဟန်ဖြင့် သူမအား ငေးစိုက်ကြည့်ရင်း ...

''လူနာဟာ ဦးနှောက်သွေးကြောပြတ်ပြီး

အသက်ဆုံးရတာပါ မိန်းကလေး၊

ဒီလိုရောဂါဟာ အသက်ကြီးပိုင်း လူတစ်

ယောက်အတွက် အချိန်မရွေး၊ နေရာမရွေး ဖြစ်

သွားနိုင်ပါတယ်၊

ကျုပ်လည်း ဘာမှမတတ်နိုင်ပါဘူး၊

ခွင့်ပြုပါဦး မိန်းကလေး''

ဟု ဆိုကာ ဆေးအိတ်ကိုင်လျက် ထသွားလေ၏။

နှင်းဒေဝီမှာ အသက်ကင်းမဲ့သူနှင့် တောင့်တောင့်ကြီး ရပ်နေရာမှ မျက်ရည်ပေါက်ပေါက် ကျလာ၏။

''ဖြစ်ရလေ ... ဖြစ်ရလေ အဘရယ်၊





ဘယ်လိုမှ မထင်မှတ်တဲ့အဖြစ်နဲ့ကို ... အဘ

ဒေဝီ့အနားက ထွက်သွားပြီ၊

အဘ ... အဘ ... အဘရယ်''

သူမ မွေးစားဖခင်ကြီး၏ရင်ဘတ်ဆီ ခေါင်းအပ်လျက် သည်းထန်စွာ ငိုကြွေးမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးသူတော်၏ ရက်လည်နေ့၌မူ ...

ပတ်ဝန်းကျင်ရှိ အိမ်များကို ဖိတ်ကြား၍ ဘုန်းကြီးဆွမ်းကပ်လေ၏။

ဒေါ်တင့်တင့်ဆိုသော မိန်းမကြီးသည်လည်း ရက်လည်သို့ ရောက်လာကာ မုန့်ဟင်းခါးကို မဆံ့မပြဲ စားသောက်လေ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စားသောက်ရင်း ...

"ဆရာမလေးကို ပြောရဦးမယ်တော့်၊

ဆရာမလေးရဲ့ယတြာက သိပ်စွမ်းတာပဲ၊

ကျုပ်ယောက်ျားကြီး အခု အိမ်ကပ်နေပြီလေ၊

အိမ်ကပ်တာမှ ခွာလို့တောင် မရတော့ဘူးတော့်၊

ဟို မယားငယ်မ သူများသတ်လို့ သေပြီလေ၊

ကောင်းတယ် ... သူများလင်ကို ကြာခိုချင်တဲ့ဟာမ ... အသတ်ခံရတာတောင် နည်းသေးတယ်"

ဟု အားပါးတရ ပြောလေ၏။

နှင်းဒေဝီမှာ သူမ၏ အပြောကြောင့် ...

"အို ... ဒီလိုမပြောပါနဲ့ ဒေါ်တင့်တင့်ရယ်၊

ဟိုမိန်းကလေးခမျာ သူများသတ်လို့ သေရရှာတာ သနားပါတယ်ရှင်၊

သူသေတော့ အဒေါ့်ယောက်ျားကိုရော ပုလိပ်





တွေက လာပြီး မေးမြန်းသေးလား"

ဟု မေးမြန်းလိုက်၏။

ဒေါ်တင့်တင့်မှာ စားနေရာက မျက်လုံးလှန်ကြည့်လျက် ...

"မေးပါ့တော် ... ကျုပ်ယောက်ျားတောင် ပုလိပ်ဌာနကို လိုက်သွားရသေးတယ်၊

အမှုက လက်သည်မပေါ်လို့ အပိုင်ဌာနက စီအိုင်ဒီကို လွှဲ ပေးလိုက်တယ်ဆိုပဲ၊

ကျုပ်ကတော့ ကျေနပ်တယ်တော့်၊

တရားခံမပေါ်ပါစေနဲ့လို့တောင် ဆုတောင်းမိပါရဲ့၊

ဒီလိုဟာမမျိုးကို သတ်ပစ်တဲ့လူကို ကျေးဇူးတင်တာ အမှန်ပါပဲ"

ဟု ပြောဆိုပြန်၏။

နှင်းဒေဝီမှာ ဒေါ်တင့်တင့်၏စိတ်အားတက်ကြွနေပုံကို ကြည့်ရင်း စိတ်မသက်မသာဟန်ဖြင့် သက်ပြင်းချလိုက်မိလေ၏။

✹



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နေ့လယ်ခင်း၌ ...

နှင်းဒေဝီသည် လျှော်ဖွပ်ပြီးသောအဝတ်များကို ခြံထဲ၌ လှန်းနေလေ၏။

ထိုအခိုက်မှာပင် ခြံရှေ့သို့ ကားထိုးရပ်သံကြားလိုက်ရပြီး ဟွန်းသံကိုပါ ကြားလိုက်ရ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စူးစမ်းဟန်ဖြင့် တစ်ချက်မျှ လှမ်းကြည့်ရင်း ခြံဝသို့ လျှောက်သွား၏။

ကားမောင်းသူမှာ အသက်လေးဆယ်ဝန်းကျင် လူကြီးတစ်ဦးဖြစ်၍ ကားထဲမှ ထွက်လာကာ ...

"ပယောဂကုတဲ့ဆရာကြီး ဦးသူတော်တို့ အိမ်များလားကွဲ့"

ဟု မေးမြန်းလေ၏။

"ဟုတ်ပါတယ်ရှင်၊ ဒါပေမဲ့ ... အဘ မရှိတော့ပါဘူး။

ဆုံးသွားတာ တစ်လလောက် ရှိပါပြီ၊

ဘာအကြောင်းများ ရှိပါသလဲရှင်"

နှင်းဒေဝီ၏စကားကိုကြားလျှင် လူကြီးမှာ ငိုင်ကျသွားလေ၏။

"ဒါဆိုရင်တော့ ဒုက္ခပါပဲကွယ်၊

ကျုပ်က အားကိုးပြီးတော့ လာခဲ့မိတာ၊

အိမ်မှာ လူနာကလည်း အခြေအနေ ဆိုးနေတယ်၊





တခြားဆရာရော ဘယ်မှာများ ရှိသေးလဲ လုံမကြီး"

လူကြီး၏အမေးကြောင့် နှင်းဒေဝီသည် ခြံတံခါးကိုဖွင့်ပေးရင်း ...

"ဒီအတွက်တော့ ဦးကြီး စိတ်မပူပါနဲ့၊

အိမ်ပေါ်တက်ပြီး ခဏလေး ထိုင်စောင့်ပေးပါရှင်၊

ကျွန်မက ဦးသူတော်ရဲ့သမီး နှင်းဒေဝီပါ၊

အဖေ့ရဲ့ ပညာအမွေကို ဆက်ခံတဲ့လူဆိုလည်း မမှားပါဘူး၊

လူနာကို ကျွန်မ လိုက်ကြည့်ပေးပါ့မယ်"

ဟု ပြောလိုက်လျှင် လူကြီးမှာ မျက်နှာဝင်းပသွားပြီး ...

"ဟာ ... ဒါဆို တော်သေးတာပေါ့ ငါ့တူမကြီးရာ၊

ငါ့တူမကြီး ပြင်ဆင်စရာရှိတာ ပြင်ဆင်ပါ၊

ဦးကြီး ကားပေါ်ကပဲ စောင့်နေလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။

နှင်းဒေဝီသည် အိမ်ပေါ်သို့ ပြန်တက်ခဲ့ပြီး ဘုရားစင်ရှိ ဆေးလွယ်အိတ်ကို ယူလိုက်၏။

ထို့နောက် ဘုရားကန်တော့ပြီး ခြံထဲသို့ ပြန်ဆင်းခဲ့လေ၏။

လူကြီးသည် သူမ ကားပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် ကားစက်နှိုး၍ ထွက်ခွာလိုက်၏။

လမ်းခုလတ်သို့ရောက်လျှင် သူမက ...

"လူနာရဲ့အခြေအနေလေး ကျွန်မကို ပြောပြထားပါ၊

ဦးကြီးကရော လူနာနဲ့ ဘယ်လိုတော်စပ်ပါသလဲရှင်"

ဟု မေးမြန်းမိ၏။

လူကြီးမှာ ကားမောင်းနေရာမှ သက်ပြင်းချမိရင်း ...

"ကျုပ်က လူနာနဲ့ ဘာမှ မတော်စပ်ပါဘူးကွယ်၊

လူနာက ကျုပ်တို့အိမ်နီးနားချင်းတွေ ဝိုင်းဝန်း





စောင့်ရှောက်နေရတဲ့ လူတစ်ယောက်ပါ၊

ကျုပ်က သူဌေးအိမ်က ကားကို မောင်းပေးရတဲ့ ဒရိုင်ဘာ ဦးကျောက်မောင်ပါ၊

သူဌေး ခရီးထွက်နေတုန်း ကားကို အိမ်ယူထားရလို့ အခုလို တူမကြီးကို ခေါ်နိုင်တာပေါ့ကွယ်၊

အင်း ... လူနာနဲ့ပတ်သက်ပြီးပြောရရင်တော့ လူနာဟာ မင်းကတော်တစ်ယောက်ပါကွယ်၊

ဦးလေးတို့ဆီကို ရောက်လာတာ တစ်နှစ်ကျော်လောက်ပဲ ရှိဦးမယ်ကွဲ့၊

သူက ငွေမရှိပေမယ့် မင်းကျိုးကျတွေရဲ့ ဓလေ့အတိုင်း အခြေကတော့ ခပ်ကြီးကြီးပဲကွဲ့၊

ဆွေမျိုးသားချင်းတစ်ယောက်မှ မပါဘဲ ဦးလေးတို့ရပ်ကွက်ထဲမှာ လာနေတာကွဲ့၊

ပတ်ဝန်းကျင်နဲ့လည်း သိပ်ဆက်ဆံလေ့ မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက် သူ့အိမ်ထဲကနေ ငိုသံရော၊ ရယ်သံတွေပါ ကြားရတယ်၊

ပြီးတော့ . . . သူတစ်ယောက်တည်း စကားတွေပြောနေတာကို တွေ့ရတယ်၊

ဦးလေးတို့ အိမ်နီးနားချင်းတွေ တိုင်ပင်ပြီး အခုလို ပယောဂဆရာ လာပင့်ရတာပါကွယ်''

ဟု ရှင်းလင်းပြလေ၏။

သူမသည် ဦးကျောက်မောင်၏စကားကို နားထောင်ရင်း မင်းကတော်ပောင်း ဝေဒနာရှင်အား များစွာစိတ်ဝင်စားသွားမိ၏။

ကားလေးသည် ပုဇွန်တောင်ချောင်းနံဘေးရှိ ရပ်ကွက်လေးတစ်ခုဆီသို့ ရောက်ရှိနေပြီ ဖြစ်၏။

✿



လူကြီးသည် ကားကို လမ်းထိပ်တွင်ရပ်၍ တဲအိမ်လေးများစီတန်းနေသော ရပ်ကွက်လေးထဲသို့ ဦးဆောင်ခေါ်သွားလေ၏။

လူများစုဝေးနေသော တဲအိမ်လေးတစ်လုံး၏ရှေ့သို့ ရောက်လျှင် ထိုလူများသည် ဦးကျောက်မောင်ကို မြင်တွေ့သွားပြီး . . .

''ကြာလှချည်လား ဦးကျောက်ရေ၊



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ဟိုမိန်းမ သိပ်သောင်းကျန်းနေ

တယ်၊

ဘယ်သူမှ အနားမကပ်ဝံ့ဘူးဗျို့''

ဟု လှမ်းပြော၏။

ဦးကျောက်မောင်မှာ ထိုလူများအား လက်ကာပြလျက် နှင်းဒေဝီအား တဲလေးအတွင်းသို့ ခေါ်သွား၏။

အတွင်း၌မူ ဆွေးမျှားရွှဲနစ်လျက် ဆံပင်ဖရိုဖရဲဟန်ရှိသော အမျိုးသမီးတစ်ဦးသည် ကျောပေးထိုင်နေ၏။

နှင်းဒေဝီသည် သူမအနီးသို့ လျှောက်သွားပြီး နံဘေး၌ ထိုင်ချလိုက်၏။

စူးစမ်းလိုသည့်လူများသည် အိမ်လေးထဲသို့ တိုးကြိတ်ကြည့်ရှုနေသဖြင့် နှင်းဒေဝီက ...

''တစ်ဆိတ်လောက် လူရှင်းပေးပါလား ...

ဦးကျောက်မောင်၊

လူနာမှာ အစွဲရှိ၊မရှိ ကျွန်မ စစ်ဆေးရမှာမို့

အာရုံမများချင်ဘူး''





ဟု ပြောလိုက်၏။

ဦးကျောက်မောင်သည် တိုးကြိတ်ကြည့်ရှုနေသော လူများကို အပြင်ထွက်ပေးရန် ပြောဆိုပြီး တဲအိမ်လေး၏ဝါးကပ်တံခါးကို ဆွဲကာထားလိုက်၏။

နှင်းဒေဝီသည် ထိုအမျိုးသမီး၏ မျက်နှာရှေ့မှ အုပ်မိုးနေသော ဆံပင်များကို ဆွဲဖယ်လျက် မျက်နှာကိုကြည့်ရန် ကြိုးစားလိုက်၏။

ထိုအမျိုးသမီးသည် သူမ၏လက်ကို ဆတ်ခနဲ ဖယ်ချလိုက်၏။

''ငါ့ကို မထိနဲ့၊ ငါက မင်းကတော်ဟဲ့ ...

မင်းကတော်၊

ထွက်သွား ... ငါ့ရှေ့က ထွက်သွားစမ်း''

ကြောက်မက်ဖွယ်ကောင်းလောက်အောင် အော်ဟစ်လိုက်သောအသံကြောင့် နှင်းဒေဝီမှာ သူမ၏လက်အစုံကို ချုပ်ကိုင်၍ မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

ထိုသို့ကြည့်မိသည်နှင့် တစ်ပြိုင်နက် ...



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ကိုယ်လုံးရှိ သွေးများ ဆူပွက်သွားသလို ခံစားလိုက်ရ၏။

အံကို တင်းတင်းကြိတ်ထားသော သူမ၏နှုတ်ခမ်းများမှာ ဆတ်ဆတ်တုန်လျက် . . .

"ငါ့လက်ကို လွှတ်စမ်း၊

ငါ့လင် မင်းကြီးသိရင် နင် မလွယ်ဘူးနော်၊

ဒါလင်ရေ . . . ဒါလင် . . . အိုင့်ကို ကယ်ပါဦး

ဒါလင်ရဲ့၊

ဟီး . . ဟီး . . ဟီး"

အမျိုးသမီးကြီးမှာ နှင်းဒေဝီ၏လက်မှ ရုန်းကန်ရင်း ကလေးတစ်ယောက်လို အော်ဟစ်ငိုယိုလိုက်၏။

နှင်းဒေဝီသည် ဖမ်းချုပ်ထားသော အမျိုးသမီး၏လက်ကို လွှတ်ချလိုက်ပြီး ဆတ်ခနဲ မတ်တတ်ထရပ်လိုက်၏။

သူမ ခြေလှမ်းများကို နောက်ပြန်ဆုတ်လိုက်မိ၏။

"ဘာ . . . ဘာဖြစ်လို့လဲ တူမကြီး၊

ဦးလေး ဘာလုပ်ပေးရမလဲ"





ဦးကျောက်မောင်၏အမေးကြောင့် နှင်းဒေဝီမှာ ကျောက်ရုပ်တစ်ရုပ်လို မှင်တက်နေရာမှ . . .

"ကျွန်မကို ပြန်ပို့ပေးတာ အကောင်းဆုံးပါပဲ

ဦးလေး၊

သူ့ရောဂါက ပယောဂမဟုတ်ဘူး . . . လင်

တရူး . . . ဥစ္စာရူး . . . ရောဂါရှင့်၊

ကျွန်မ ပြန်မယ်"

ဟု ခပ်မာမာအသံဖြင့် ပြောလိုက်၏။

"ကောင်းပါပြီ တူမကြီးရယ်၊

ဦးလေး ငါ့တူမကြီးကို ပြန်ပို့ပေးပါ့မယ်၊

ခြေကြွခ ဘယ်လောက်ပေးရမလဲကွဲ့"

နှင်းဒေဝီမှာ အမျိုးသမီးအား စူးစိုက်ကြည့်လျက်ပင် . . .

"မလိုပါဘူး ဦးလေး . . .

ကျွန်မကိုသာ ပြန်ပို့ပေးပါ"

ဟု ဆိုလိုက်လျှင် ဦးကျောက်မောင်မှာ အိမ်ပြင်၌ စုပြုံကြည့်နေသူများကို ခေါင်းယမ်းပြရင်း အပြင်သို့ ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ ရောက်လျှင် နှင်းဒေဝီက ...

"အဲဒီအမျိုးသမီးက ဘယ်လိုဖြစ်ပြီး ဒီပုံစံ ဖြစ်သွားရတာလဲရှင်"

ဟု မေးလိုက်ရာ ဦးကျောက်မောင်က ...

"ကျုပ်တို့လည်း သူနဲ့ပတ်သက်တဲ့ နောက်ကြောင်းကို သေသေချာချာ မသိပါဘူးကွယ်၊

ဒါပေမဲ့ ... အရပ်ထဲက လူတချို့ ပြောကြတာက သူဟာ အိမ်မီးလောင်မှုဖြစ်ပြီး ယောကျ်ားရော, စည်းစိမ်ဥစ္စာတွေကိုပါ ဆုံးရှုံးခဲ့ရတယ်လို့ ပြောကြတယ်၊

သူ့ကို ရူးလို့ရူးမှန်းတောင် သတိမထားမိပါဘူးကွယ်၊

ဒီနေ့မနက် သောင်းကျန်းနေတော့မှပဲ အမှောင့်ဝင်တယ်မှတ်လို့ တူမကြီးကို လာပင့်ခဲ့မိတာပါ၊

တူမကြီးပြောမှပဲ အနှောင့်မဝင်ဘဲ စိတ်မမှန်





ဘူးဆိုတာ သိရတာပါကွယ်"

ဟု ပြောဆိုလေ၏။ ဤသို့ဖြင့် ...

ကားလေးသည် တရိပ်ရိပ်မောင်းနှင်လာရာ နှင်းဒေဝီ နေထိုင်သောရပ်ကွက်သို့ပင် ရောက်ရှိခဲ့လေ၏။

ခြံရှေ့သို့ရောက်လျှင် သူမသည် ကားပေါ်မှ ဆင်း၍ ...

"အခုလို ပြန်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဦးလေး၊

လမ်းကြုံရင်လည်း ကျွန်မအိမ်ကို ဝင်လို့ရပါတယ်ရှင်"

ဟုဆိုကာ ခြံတွင်းသို့ ဝင်ခဲ့လေ၏။

ခြံတံခါးဖွင့်ဝင်ခဲ့သော ... သူမ၏ခြေလှမ်းများ လေးကန်နေသလို စိတ်အစဉ်မှာလည်း ကိုယ်နှင့်ကင်းကွာနေသလို ခံစားနေရ၏။

သူမ၏မျက်လုံးများသည်ကား နာကြည်းမှုခံစားချက်များ ပုံးလွှမ်းနေသည် မဟုတ်ပါလား။

✿



www.burmeseclassic.com

www.burmeseclassic.com

ညသည် တဝုန်းဝုန်းရွာကျနေသည့် မိုးသံများအောက်၌ ငြိမ်သက်နေရှာ၏။

ပုဖွန့်တောင်ချောင်းနံ့ဘေးရှိ ရပ်ကွက်လေးသည်ကား သည်းထန်သောမိုးနှင့် ချမ်းစိမ့်သောအအေးဓာတ်ကြောင့် အပြင်ထွက်သူပင် မရှိချေ။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုရပ်ကွက်လေး၏ လူသွားလမ်း၌မူ မိုးကာအင်္ကျီရှည် ဝတ်ဆင်ထား၍ ဦးထုပ်ဆောင်းထားသော လူရိပ်တစ်ခုသည် တရွေ့ရွေ့ လျှောက်လှမ်းလာ၏။

ထိုလူရိပ်သည် လူသွားလမ်းအတိုင်း လျှောက်သွားပြီး တဲအိမ်လေးတစ်လုံးရှေ့သို့ ရောက်လျှင် ချိုးကွေ့ဝင်လိုက်၏။

တဲအိမ်လေး၏အတွင်း၌မူ အမျိုးသမီးတစ်ဦးသည် အိမ်ဝအား ကျောပေးလျက် အိပ်မောကျနေ၏။

ထိုလူသည် တဲအိမ်လေး၏ ဝါးကပ်တံခါးကို ဆွဲဖွင့်၍ အထဲသို့ ဝင်လိုက်၏။

အိပ်စက်နေသော အမျိုးသမီးမှာ ဝါးကပ်ရွှေ့သံကြောင့် နိုးသွားပြီး ဆတ်ခနဲ ထထိုင်ကာ . . .

"ဒါ . . . ဒါလင်လားဟင် . . .

ဒါလင် . . . ဒါလင် အိုင့်ဆီ ပြန်လာပြီ၊

ပြန်လာပြီ . . . ပြန်လာပြီ"

ဟု ရေရွတ်လိုက်၏။

အမျိုးသမီးသည် အိမ်ပေါက်ဝသို့ ပြေးသွားပြီး ထိုလူအား





ဆွဲဖယ်လိုက်၏။

လူစိမ်းသည် ငိုက်ကျသွားသော ဦးထုပ်အား လက်ညှိုးဖြင့် ပင့်တင်လျက် သူမအား ဆောင့်တွန်းလိုက်၏။

အမျိုးသမီးမှာ ဝါးကြမ်းပေါ်သို့ ထိုင်လျက်လဲကျသွားပြီး . .

"ဒါလင်ရယ် . . . လုပ်ရက်လိုက်တာ၊

အဟင့် . . ဟင့် . . ဟင့်၊

အိုင့်အပေါ် ရက်စက်လိုက်ဟာ၊

ဟီး . . ဟီး . . ဟီး"

ဟု ရှိုက်ကြီးတငင် ငိုချလိုက်လေ၏။

လူစိမ်းသည် သူမန်ဘေး ဒူးထောက်ထိုင်လျက် မျက်နှာကို စေ့စေ့ကြည့်ကာ . . .

"မိန်းမယုတ်မ . . . သူတစ်ပါး အိမ်ထောင်ရေးကို ဖျက်ဆီးတဲ့ဟာမ၊

နင့်လိုမိန်းမယုတ်တွေ မရှိမှ ကမ္ဘာလောကကြီးဟာ သန့်ရှင်းလိမ့်မယ်၊

နင့်ကို သတ်ရမယ်၊ သတ်ရမယ်ဟေ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား ဟား ဟား''

ဟု ကြုံးဝါးလျက် သူမ၏လည်မျိုအား လက်အစုံဖြင့် ဖိညှစ်လိုက်လေ၏။

အမျိုးသမီးမှာ ထိုသူ၏လက်မှ ရုန်းကန်လိုက်၏။

လူစိမ်းသည် အမျိုးသမီး၏ဆံပင်မှ ဆွဲကိုင်၍ အနီးရှိ ရေဖလုံကို ဆွဲယူလိုက်၏။

ရေဖလုံကြီးထဲ၌မူ ရေများအပြည့် ရှိနေ၏။

ထိုလူသည် အမျိုးသမီး၏ခေါင်းကို ဖလုံထဲ ဆွဲနှစ်လျက် ...

''သေစမ်း ... သေစမ်း ...

မိန်းမယုတ်တွေရဲ့ သွားရာလမ်းဟာ ဒါပဲကွ၊

ဒါပဲ ... ဟား ဟား ဟား ဟား''

✹



နံနက်ခင်းတစ်ခု၌ ...

နှင်းဒေဝီသည် ဈေးဝယ်ရန်အတွက် ဈေးခြင်းတောင်းကို ဆွဲလျက် ထွက်ခဲ့၏။

''တစ်ယောက်တည်းနေတဲ့ အမျိုးသမီးတွေ

အိမ်တံခါးကို လုံအောင်ပိတ်ဖို့ လိုနေပြီဗျ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်လောက ... အမျိုးသမီးတစ်ယောက်
အသတ်ခံရတယ်၊

အခု ... နောက်တစ်ယောက် အသတ်ခံရ
ပြန်ပြီဗျို့၊

ဒီနေ့ထုတ် သတင်းစာတွေ အကြောင်းစုံ
သိချင်ရင် ဝယ်ဖတ်ကြဗျို့၊

သတင်းစာ ... သတင်းစာတွေ"

အသံကြောင့် သူမ ခြေလှမ်းတုံ့သွားမိ၏။

နောက်လှည့်ကြည့်လိုက်ရာ သတင်းစာရောင်းသော လူငယ်လေးတစ်ယောက်ကို တွေ့ရ၏။

သူမသည် လူငယ်လေးအား လှမ်းခေါ်လျက် သတင်းစာတစ်စောင် ဝယ်လိုက်၏။

ချက်ချင်းပင် ဖွင့်၍ဖတ်ရှုရာ လူသတ်မှုသတင်းကို တွေ့ရလေ၏။

ထိုသတင်းဖတ်မိလျှင် သူမ အံ့အားသင့်လျက် တုန်လှုပ်သွား၏။





ထို့ကြောင့် ဈေးသို့မသွားတော့ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့မိ၏။

အိမ်သို့ရောက်လျှင် အဝတ်အစားများလဲလှယ်လျက် အပြင်သို့ ပြန်ထွက်ခဲ့၏။

သူမသည် လန်ချားတစ်စီးကို ငှားရမ်းကာ ပုဇွန်တောင်ဘက်သို့ ထွက်ခဲ့လေ၏။

ပုဇွန်တောင်ချောင်းနံဘေးရှိ ရပ်ကွက်သို့ရောက်လျှင် ပုလိပ်များ ခြေချင်းလိမ်နေသည့် တဲအိမ်လေးထဲသို့ ဝင်သွား၏။

မျက်နှာမသာမယာဖြင့် ထိုင်နေသော ဦးကျောက်မောင်ကို မြင်လျှင် ...

"ဘယ်လိုဖြစ်တာလဲ ဦးကျောက်မောင်ရယ်
... ဟိုအမျိုးသမီး ဘာလို့ အသတ်ခံရတာလဲရှင့်"

ဟု အလျင်စလို မေးမြန်းမိ၏။

"ကျုပ်လည်း မသိပါဘူး တူမကြီးရယ်၊
မိုးလင်းလို့ ကျုပ်တို့ သူ့အခြေအနေကို လှမ်း
ကြည့်တော့ ရေဇလုံထဲ နစ်ပြီး သေနေတော့တာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ''

ဦးကျောက်မောင်၏စကားအဆုံးတွင် အိမ်ရှေ့ဆီမှ ...

''စီအိုင်ဒီက စုံထောက်ကြီးတွေ ရောက်လာပြီ၊ စုံထောက်ကြီးတွေ ရောက်လာပြီ''

ဆိုသော အသံဗလံများ ကြားလိုက်ရလေ၏။

သက္ကလတ်ကုတ်အင်္ကျီဝတ် အရပ်ထောင်ထောင်မောင်းမောင်း လူတစ်ဦးနှင့် လူဝကြီးတစ်ဦးသည် တဲအိမ်လေးအတွင်းသို့ လှမ်းဝင်လာ၏။

ဦးကျောက်မောင်မှာ ပျာပျာသလဲအမူအရာဖြင့် နေရာဖယ်ပေးလျက် ...

''ကြွပါခင်ဗျ ... စုံထောက်ကြီးတို့ ဒီဘက်ကြွ ... ကြွပါ''

ဟု ခရီးဦးကြိုပြုလိုက်လေ၏။

စုံထောက်နှစ်ဦးသည် ၎င်းတို့၏မျက်နှာချင်းဆိုင်၌ ဝင်ထိုင်ကြပြီးနောက် ဦးကျောက်မောင်နှင့် နှင်းဒေဝီအား အကဲခတ်ကြည့်ရှုကြ၏။





နှင်းဒေဝီမှာ သက္ကလတ်အင်္ကျီဝတ်လူ၏အကြည့်ကြောင့် အနေရခက်သွားပြီး ...

''ဦးကျောက်မောင် ... ကျွန်မကို ခွင့်ပြုပါဦးရှင့်''

ဟု ပြောဆိုကာ ထိုင်နေရာမှ ထွက်ခွာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ညသည် . . .

ဖားအော်သံများ၊ ပုစဉ်းရင်ကွဲအော်သံများဖြင့် ငြိမ်သက်နေ၏။

နှင်းဒေဝီမှာ သူမ၏ ပျဉ်ထောင်အိမ်ကြီးပေါ်၌ ဖယောင်းတိုင်မီးများ ထွန်းညှိနေလေ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ ထွန်းညှိသော ဖယောင်းတိုင်၏ရှေ့၌မူ မွေးစားဖခင်ကြီး ဦးသူတော်၏ ပုံတူကားချပ်ကြီး ချိတ်ဆွဲထား၏။

သူမသည် ဖယောင်းတိုင်ထွန်းညှိပြီးနောက် ကြမ်းပေါ် ကျုံ့ကျုံ့လေး ထိုင်လျက် . . .

"အဘရယ် . . . ဒေဝီ ဘာလို့ ဒီလောက်တောင် ကံဆိုးနေရတာလဲ၊

လူမမယ် ကလေးအရွယ်တည်းက ဖခင်နယ်ပိုင်မင်းကြီးရဲ့ မောင်းထုတ်မှုကြောင့် ဒေဝီဟာ လမ်းပေါ်ရောက်ခဲ့ရတယ်၊

ဒေဝီ့မေမေဟာလည်း နှလုံးရောဂါဝေဒနာ ပြင်းထန်ပြီး လမ်းဘေးဇရပ်မှာတင် အသက်ဆုံးခဲ့ရတယ်၊

အဘရဲ့မွေးစားမှုကြောင့် နယ်လှည့် ပယောဂ ကုဆရာဘဝကို ရောက်ခဲ့ရပြန်တယ်၊

ဒေဝီတို့ ရုပ်ပြည့်ဘက်သွားရင်း တောထဲမှာ မြွေမျိုခြင်းကို ဒေဝီခံခဲ့ရတယ်၊





အဘနဲ့ ကိုစိုင်းဖေရဲ့ကျေးဇူးကြောင့် ဒေဝီ အသက်မသေခဲ့သလို မြွေကြီးရဲ့ဗိုက်ထဲက စိန်တုံးကြီးကို ဒေဝီတို့ ရခဲ့ကြတယ်၊

စိန်တုံးကြီးကို ရောင်းချပြီး ဒေဝီတို့သားအဖတွေ ဒီနေရာလေးမှာ အတည်တကျ နေထိုင်ခွင့် ရခဲ့ကြတယ်မဟုတ်လား၊

ဘဝမှာ အေးချမ်းစွာ နေခွင့်ရလို့ ပျော်ရွှင်ကြည်နူးမယ်မှ ကြံရုံရှိသေးတယ် . . .

အဘကပါ လူ့လောကထဲက ထွက်ခွာသွားခဲ့တယ်၊

ဒေဝီ့ဘဝက ဒီလိုပဲ အထီးကျန်မှု၊ မေတ္တာတရားကင်းမဲ့မှုတွေနဲ့ပဲ အဆုံးသတ်တော့မှာလား အဘရယ်၊

ဒေဝီ့ဘဝကြီးတစ်ခုလုံး ကပြောင်းကပြန်လုပ်ခဲ့တဲ့ တရားခံဟာ ဖေဖေ့ရဲ့နောက်မိန်းမ . . . အိုင်းရစ်မေပဲ အဘ၊



www.burmeseclassic.com

www.burmeseclassic.com



အိုင်းရစ်မေကြောင့် ဒေဗီ့ဘဝတစ်ခုလုံး စုတ်ပြတ်သတ်ခဲ့ရတာ၊

သူ့ကို ဒေဗီ သိပ်မုန်းတယ်၊

သူ့ကို ဒေဗီ့လက်နဲ့ ကိုယ်တိုင် သတ်ပစ်ချင်ခဲ့တယ်၊

ဒါပေမဲ့ ဒီအခွင့်အရေးကို ဒေဗီ မရတော့ဘူး အဘ၊

အိုင်းရစ်မေ သေပြီ၊

လူသတ်သမားရဲ့လက်ချက်ကြောင့် ဒင်း သေသွားပြီ အဘ ... သေသွားပြီ၊

ဒေဗီလေ ... အခုချိန်မှာ သိပ်အားငယ်တာပဲ အဘရယ်၊

လူသတ်သမားက တစ်ယောက်တည်းနေတဲ့ အမျိုးသမီးတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေပြီ အဘ၊

ဒေဗီ ... ဒေဗီ ... ကြောက်တယ်၊ ကြောက်





တယ် အဘ ... ဒေဗီ သိပ်ကြောက်တာပဲ''

ဟု ရင်ဖွင့်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေ၏။

သူမ၏ အိမ်အပြင်ဘဲ့မှ အရိပ်နှစ်ခုသည် လှစ်ခနဲ လှုပ်ရှားသွား၏။

ထိုအဖြစ်ကိုကား နှင်းဒေဗီတစ်ယောက် မသိနိုင်အောင်ပင် ငိုကြွေးနေရှာ၏။

သူမသည် အတန်ကြာအောင် ငိုကြွေးပြီးလျှင် ဆတ်ခနဲ ခေါင်းထောင်သွား၏။

သူမ၏မျက်ဝန်းများသည်ကား ကြောက်မက်ဖွယ်ကောင်းလောက်အောင် မီးဝင်းဝင်းတောက်မတတ် ဖြစ်နေ၏။

သူမသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

ထို့နောက် တောင့်တောင့်ကြီးရပ်လျက် အိပ်ခန်းအတွင်းသို့ တရွေ့ရွေ့လျှောက်ဝင်သွား၏။

အတန်ကြာလျှင် အိပ်ခန်းအတွင်းမှ လူရိပ်တစ်ခု ပြန်ထွက်လာ၏။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com

လောင်းကုတ်အင်္ကျီဝတ်လူသည် ပယောဂဆရာကြီး ဦးသူ

တော်၏ပုံတူပန်းချီကားရှေ့ ခြေစုံရပ်လျက် . . .

"ဟား . . ဟား . . ဟား . . ဟား . .

နှင်းဒေဝီ . . . နှင်းဒေဝီ . . . နှင် ငါ့ကို ကျေးဇူး

တင်လိုက်စမ်း နှင်းဒေဝီ၊

ရွှေမင်းသမီးစာပေ



နှင်းဒေဝီမဟုတ်ဘဲ လောင်းကုတ်အင်္ကျီရှည်ဝတ်ကာ ဦးထုပ်ဆောင်းထားသော လူတစ်ယောက်။

■

www.burmeseclassic.com

www.burmeseclassic.com



ငါဆိုတဲ့လူက သိပ်ရဲရင့်ပြီး သိပ်သတ္တိရှိတဲ့ ယောကျ်ားကွ . . . ယောကျ်ား၊

နယ်ပိုင်မင်း ရွှေမောင်လိုမျိုး၊ ကျောက်ပွဲစား လူလေးလိုမျိုး ခပ်ညံ့ညံ့ယောကျ်ားမဟုတ်ဘူးကွ၊

လောကကြီးထဲကနေ လူ့ကျင့်ဝတ်ဖောက်ပြား တဲ့ မိန်းမယုတ်တွေ၊ မိန်းမဆိုးတွေကို ဖယ်ရှားပေး နေတဲ့ သူတော်ကောင်းကွ . . . သူတော်ကောင်း၊

နှင့်အတွက် မိန်းမယုတ်မ အိုင်းရစ်မေကို ငါ အပြတ်ရှင်းပေးခဲ့ပြီ၊

ဒီလိုပဲ . . . သူတစ်ပါးအိမ်ထောင်ကို ဖျက်ဆီး ဖို့ကြံစည်တဲ့ မြလေးဆိုတဲ့ အငြိမ့်မင်းသမီးတစ် ယောက်ကိုလည်း ငါ ရှင်းလိုက်ပြီ၊

နတ်ဆိုးပူးနေတဲ့ မိန်းမယုတ်တွေကို ဖယ်ရှား ပေးတဲ့ ငါ့ကို မင်း ကျေးဇူးတင်လိုက်စမ်းပါ၊ ကျေးဇူးတင်လိုက်စမ်းပါ နှင်းဒေဝီ၊

ဟား . . ဟား . . ဟား . . ဟား . . ဟား''





ဟု ခြောက်ကပ်အက်ကွဲသောအသံဖြင့် ကြုံးဝါးလိုက်လေ ၏။

ထိုအခိုက်မှာပင် . . .

မှောင်ရိပ်ထဲမှ လူရိပ်နှစ်ခုမှာ လှုပ်ရှားသွားပြီး တစ်တောင် မျှရှိသော တုတ်တစ်ချောင်းသည် လေထဲ ဝဲပျံသွား၏။

ထိုတုတ်ချောင်းသည် လောင်းကုတ်နှင့်လူ၏နောက်စေ့ကို ထိမှန်သွားပြီး ထိုလူမှာ ကြမ်းပေါ် မှိုင်းခနဲ ပစ်လဲကျသွားလေတော့ ၏။

ထိုအခါမှ . . .

မှောင်ရိပ်ထဲမှ လူနှစ်ယောက်သည် အိမ်ပေါ်သို့ တက်လာ ကြလေ၏။

၎င်းတို့သည် မေ့မြောနေသည့်လူအနီး၌ ဒူးထောက်ထိုင် လျက် ထိုသူ၏ဦးထုပ်ကို ဆွဲဖယ်လိုက်၏။

''အဖြစ်က မယုံနိုင်လောက်အောင်ပါပဲလား ကိုမင်းနောင်ရာ၊

နှင်းဒေဝီနဲ့ လူသတ်သမားဟာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဖြစ်နေပါလား၊

သိပ်ကိုချောမောလှပတဲ့ သူ့မျက်နှာလေးနဲ့ မအပ်စပ်လိုက်တာဗျာ''

ဆားပုလင်းမင်းနောင်သည် ကုတ်အင်္ကျီထဲမှ ဧကော်ဒါစက်ငယ်လေးအား ချောက် . . . ခနဲ ပိတ်လိုက်ရင်း . . .

''ကျုပ်တို့ ဒီကိုလာခဲ့တာ တရားခံဖမ်းဖို့ မဟုတ်ပါဘူး၊

မင်းကတော်ဟောင်း အိုင်းရစ်မေ သေဆုံးမှုနဲ့ ပတ်သက်ပြီး ဒရိုင်ဘာ ဦးကျော်မောင်ဆီက ရတဲ့ . . . အိုင်းရစ်မေ မသေခင် ပယောဂကု ဆရာမတစ်ယောက်ကို ပင့်ခဲ့သေးတယ်ဆိုတဲ့သတင်းကြောင့် စုံစမ်းဖို့ သက်သက်လာခဲ့ရတာပါ၊

မမျှော်လင့်ဘဲ အိုင်းရစ်မေ သေဆုံးမှုရော၊ အငြိမ့်မင်းသမီးကျ မြလေး သေဆုံးမှုနဲ့ပါ ပတ်သက်နေတဲ့ တရားခံကို ဖမ်းဆီးမိလျက်သား ဖြစ်သွားပြီ၊





တကယ်တော့ . . .

နှင်းဒေဝီဟာ ငယ်စဉ် ကလေးဘဝတည်းက စိတ်ဒဏ်ရာရခဲ့တဲ့ သနားစဖွယ် မိန်းကလေးတစ်ယောက်ပါ၊

သူ့ရင်ထဲက အားငယ်စိတ်တွေ, သိမ်ငယ်စိတ်တွေအတွက် အားနွဲ့တဲ့မိန်းမသားဘဝကို စက်ဆုပ်နေပုံရတယ်ဗျ၊

ပြီးတော့ . . .

လူ့ကျင့်ဝတ်ကို ဂရုမစိုက်ဘဲ အိမ်ထောင်ရှိယောကျ်ားတွေနဲ့ပတ်သက်တဲ့ မိန်းမတွေကိုလည်း မိန်းမယုတ်ဆိုပြီး နာကြည်း မုန်းတီးနေပုံ ရတယ်ဗျ၊

ဒါကြောင့် . . . သူမရဲ့ မသိစိတ်မှာ ဖြစ်ပေါ်နေတဲ့ ရဲဝံ့တဲ့ယောကျ်ားတစ်ယောက်ရဲ့စိတ်နဲ့ လူသတ်မှုတွေကို ကျူးလွန်ခဲ့တယ်၊

တကယ်တော့ဗျာ . . .



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ သိပ်ကို သနားစရာကောင်းတဲ့ စိတ်ဝေဒနာရှင်တစ်ဦးပါပဲ၊

စိတ်ဝေဒနာရှင် ဖြစ်နေပေမယ့် ဥပေဒေနဲ့ ပတ်သက်နေတော့လည်း လုပ်သင့်တဲ့ တရားနည်းလမ်းအတိုင်း ကျုပ်တို့ ဆောင်ရွက်ရမှာပေါ့ ဒိုင်ပီရယ်''

ဟု ပြောလိုက်လေ၏။

စုံထောက်ကြီးဦးပြုံးချိုသည် မျက်ရည်များ၊ ချွေးများဖြင့် နွမ်းလျနေသော နှင်းဒေဝီ၏မျက်နှာအား ငေးစိုက်ကြည့်ရင်း သက်ပြင်းချလိုက်မိ၏။

''တရားခံမိန်းကလေးကိုကြည့်ပြီး ကျုပ်ရင်ထဲမှာ မကောင်းလိုက်တာ ကိုမင်းနောင်ရယ်၊

သူ့ရင်ထဲ ကိန်းအောင်းနေတဲ့ နတ်ဆိုးလိုစိတ်တစ်ခုကြောင့် သူဟာ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရရှာတယ်၊

သူဟာ နှင်းဒေဝီမဟုတ်ဘူး ကိုမင်းနောင်၊





နတ်ဆိုးနှောင့်သလို စိတ်ရိုင်းဝင်နေရရှာတဲ့ နတ်ဆိုးဒေဝီပဲ ... နတ်ဆိုးဒေဝီပဲ ကိုမင်းနောင်''

BURMESE CLASSIC .com

ဆားပုလင်းမင်းနောင်

နှင့်

"နတ်ဆိုးဒေဝီ"

ကိုယ်တိုင်ထောင်တက်ရတဲ့ လှေကားဟာ

ပင်ပန်းပေမယ့် ကျေနပ်တယ် ...

*Chan Myae Thayaphy Hlaing*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com